ကြေးမုံ
The Mirror
၁၃၇၂ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်၁ ရက်၊ တနင်္ဂနွေနေ့ (24-10-2010)(ဖြေ၁)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်
ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ကျင်းပမည့် (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ တက်ရောက်မည်

နေပြည်တော် အောက်တိုဘာ ၂၄

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် မကြာမီကာလအတွင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပမည့် (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌
အနှစ်သာရရှိသော အခါတော်၊ ပွဲတော်များဖြင့် ထုံမွမ်းဝေစည်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၃

ယနေ့သည် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များသည် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့၊ မီးမြင်းမိုရ်ပွဲတော်၊ ဆီမီးထွန်းပွဲတော်၊ ပဝါရဏာပွဲတော်၊ ခင်ပွန်းကြီး(၁၀)ပါး ပူဇော်ပွဲတော်ဟူ၍ အနှစ်သာရပြည့်ဝစွာ သတ်မှတ်ကျင်းပလာခဲ့ကြသည်။ ဘုရားရှင်သည် ခုနစ်ဝါမြောက် ဝါတွင်းကာလတွင် တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားအမှူးပြုသည့် နတ်ဗြဟ္မာများအား အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးခဲ့ခြင်း၊ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ဆင်းသက်ကြွမြန်းတော်မူရာ လူနတ်ဗြဟ္မာတို့က ဆီမီးရောင်စုံတို့ဖြင့် ပူဇော်ကြခြင်းနှင့် ဗုဒ္ဓသာဝကရဟန်းတော်များ တစ်ပါးနှင့်တစ်ပါး အပြန်အလှန် အားနည်းချက်များ ထုတ်ဖော်ညွှန်ပြခြင်း၊ ဆုံးမခြင်း၊ ဝန်ခံခြင်းအမှုတို့ကို ပြုကြသည့် ပဝါရဏာပွဲတော်ကျင်းပခြင်းတို့ကို နှလုံးသွင်း၍ အနှစ်သာရရှိသော အခါတော်၊ ပွဲတော်များ ကျင်းပကြခြင်းဖြစ်လေသည်။

ဤသို့ ကောင်းမြတ်လှသော အခါတော်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် ကုသိုလ်ပုည ကုသလဓမ္မတို့ဖြင့် ထုံမွမ်းလျက်ရှိကြပေရာ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၏ ဒုတိယအကြိမ် အဘိဓမ္မာအခါတော်နေ့နှင့် အဌမအကြိမ် အသံမစဲမဟာပဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို နံနက် ၉ နာရီတွင် အဆိုပါစေတီတော် လိုဏ်တော်အတွင်း၌ကျင်းပရာ ဧည့်သည်တော်များ၊ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဘုရားဖူးလာ ပြည်သူများသည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ငွေတောင်တောရကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညာသိရီထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြကာ နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော်ခရိုင် **စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳**

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ ကြေးမုံ ဆောင်းပါး၊ ကာတွန်း၊ ကဗျာ အညွှန်း

❒ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်သူ့ကိုယ်စားလှယ်လောင်းတွေကို နိုင်ငံနှင့်အဝန်း ပြည်သူတွေက တစ်ပြိုင်နက် ဆန္ဒမဲပေး ရွေးချယ်နိုင်အောင် ၇-၁၁-၂၀၁၀ ရက်နေ့ (တနင်္ဂနွေနေ့)ကို ရွေးကောက်ပွဲကျင်းပမယ့်နေ့အဖြစ် သတ်မှတ်ပေးထားပါပြီ။

မြမြင့်မိုရ်(တောင်ကြီး)၏ *“ဆန္ဒမဲပေးကြမှာ”*
(ဆောင်းပါး) စာမျက်နှာ - (၈၊ ၉)

ကာတွန်းလင်းမြတ်၏
“ဒီမိုကရေစီ နိုင်ငံသစ်”
စာမျက်နှာ - (၈၊ ၉)

❒ အတွေးမမှားပြီ
အလေးထားမည်
သည်တစ်ခါတော့
ညီတညာ ပြည်ရွာအရေးမှာ
(ဆွေတို့ရေ ...)
မဲပေးကြစို့။ ။

မောင်စိမ်းနောင်(လယ်ဝေး)၏
“မဲပေးကြစို့”
(ကဗျာ) စာမျက်နှာ - (၉)

၂၄-၁၀-၂၀၁၀
(တနင်္ဂနွေနေ့)

ဆန္ဒမဲပေး ရွေးချယ်နိုင်ဖို့ လှမ်းစို့တူညီ မဲရုံဆီသို့

၂၀၁၀ပြည့်နှစ် နိုဝင်ဘာလ ၇ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်။

ရွေးကောက်ပွဲသည် ပြည်သူအများ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်သည့် အခွင့်အရေးတစ်ရပ်ဖြစ်သည်။ ခေတ်စနစ် အပြောင်းအလဲတစ်ခုအတွက် နိုင်ငံနှင့်ပြည်သူ့အကျိုး အမှန်တကယ်သယ်ပိုးပေးနိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒပြုရွေးချယ်ပေးကြရမည်။ ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များဖြင့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်သွားကြမည်ဖြစ်သည်။ မဲဆန္ဒရှင်ပြည်သူများ က ဒေသအလိုက် လူကောင်းလူတော် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ကို သတိသမ္ပဇဉ် ဉာဏ်နှင့်ယှဉ်၍ ဆန္ဒပြု ရွေးချယ်ကြရမည်ဖြစ်ပေသည်။

လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး ရှေးရှုပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားပြီ။ နိုင်ငံရေးပါတီများအား မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ခဲ့ပြီ။ တရားဝင်ရပ်တည်လျက်ရှိသော ပါတီ ၃၇ ပါတီရှိသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ 'ဝ' အစရှိသည့် တိုင်းရင်းသားလူမျိုးစုပါတီများလည်း ပါဝင်သည်။ လွှတ်တော်အသီးသီးအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ၃၀၀၀ ကျော်ရှိနေပြီ။

နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်၊ မဲဆွယ်စည်းရုံးခွင့် ရရှိနေကြပြီ။ ပါတီအလိုက် မူဝါဒသဘောထား၊ လုပ်ငန်းစဉ်များကို ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်တို့မှ ဟောပြောတင်ပြနေကြပေပြီ။ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် တရားဥပဒေနှင့်အညီ ဒီမိုကရေစီနည်းလမ်းကျကျ စည်းရုံး လှုပ်ရှားနိုင်ခွင့် ရရှိနေကြပြီဖြစ်သည်။

သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် မဲဆန္ဒရှင်အားလုံး မဲပေးပိုင်ခွင့်ရရှိရေး မဲစာရင်းများပြုစုပြီး ရပ်ကွက်နှင့် ကျေးရွာအလိုက် ကြော်ငြာသင်ပုန်းများတွင်ကပ်၍ ကြေညာပေးခဲ့ပြီ။ မဲစာရင်းတွင် ပါဝင်ခွင့်ရှိလျက် မပါဝင်ကျန်ရှိနေလျှင် နည်းဥပဒေနှင့်အညီ မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုနိုင်သည်။

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံအသီးသီးကို သတ်မှတ်ချိန် အတိုင်း ဖွင့်လှစ်ထားမည်။ မဲရုံအတွင်းသို့ ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များနှင့်အတူ ဝင်ရောက်ခွင့်ရှိမည်ဖြစ်သည်။ ဆန္ဒမဲပေးခြင်းပြီးဆုံးသည့်အခါ မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူများ၊ ကိုယ်စားလှယ်များရှေ့မှောက်၌ မဲများရေတွက်၍ စာရင်းသွင်းသွားမည်ဖြစ်သည်။

လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး အဘက်ဘက်က စနစ်တကျစီစဉ်ထားပြီ။ ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းလာရေးအတွက် ဆန္ဒမဲပေး ရွေးချယ်ရေးသည် ပြည်သူတို့ရရှိနေသည့် ဒီမိုကရေစီအခွင့်အလမ်းဖြစ်သည်။ မဲဆန္ဒရှင်ပြည်သူတစ်ရပ်လုံးက အသိနှင့်ယှဉ် သတိပြုဆင်ခြင်ပြီး မဲရုံအရောက်သွားရောက်၍ ဆန္ဒမဲပေးရွေးချယ်ကြရုံသာ ရှိပါတော့သည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၃

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ရက် နံနက်ပိုင်းတွင် ဟင်္သာတခရိုင် နယ်မြေခံလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်း၊ အသင်းလိုက်ဆုနှင့် တံခွန်စိုက်ဆုရရှိသောအသင်းများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးက တံခွန်စိုက်ဒိုင်းဆုရရှိသော အသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးသည် အင်္ဂပူမြို့ ရော်ဘာခြံသို့ရောက်ရှိရာ တာဝန်ရှိသူများက ရော်ဘာပျိုးထောင်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပုသိမ်-မုံရွာလမ်းအား လမ်းပိုင်းအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ပုသိမ်မြို့နယ် မွေးမြူရေးကုန်ထုတ်စခန်း၌ ဥစားကြက်နှင့် ဝက်များမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း ရုံးလုပ်ငန်းသင်တန်းများဆင်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန စာရင်းကိုင် အဆင့်(၂) မွမ်းမံသင်တန်း၊ ဌာနခွဲစာရေး၊ အကြီးတန်းစာရေးများ လစာ-စရိတ်၊ ပင်စင်နှင့် ရုံးလုပ်ငန်းသင်တန်းများဆင်းပွဲကို အောက်တိုဘာ ၂၂ရက် နံနက် ၉ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ ကျင်းပရာ သင်တန်းဆင်းပွဲတွင် ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးမင်းဇံက အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းများသို့ စာရင်းကိုင် အဆင့်(၂) မွမ်းမံသင်တန်းသား၊ သင်တန်းသူ ၄၀၊ ဌာနခွဲစာရေး၊ အကြီးတန်းစာရေးများ လစာ-စရိတ်၊ ပင်စင်နှင့် ရုံးလုပ်ငန်း သင်တန်းသား၊ သင်တန်းသူ ၃၂ ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၇၂ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(အောက်ပုံ)

ဆောမြို့နယ် အကြည်ကတင်းကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

ဂန့်ဂေါခရိုင် ဆောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်သည့် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက်က ဆောမြို့နယ် အကြည်ကတင်းကျေးရွာ အရုဏ်ဦး စာကြည့်တိုက် အဆောက်အအုံရှေ့ မျက်နှာစာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တန်က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အဆိုပါအရုဏ်ဦးစာကြည့်တိုက်အတွက် ဆရာတော်ဘဒ္ဒန္တဥတ္တမက စာအုပ်မျိုးစုံ ၁၄၃ အုပ်၊ ဦးတင်ဖေ မိသားစုက စာအုပ်မျိုးစုံ ၄၃ အုပ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဟန်က မဂ္ဂဇင်းမျိုးစုံ ၁၁ အုပ်တို့ကို တာဝန်ရှိသူထံ ပေးအပ်လှူဒါန်းပြီး ကျေးရွာဥက္ကဋ္ဌ ဦးသိန်းငွေက ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

နေပြည်တော် အောက်တိုဘာ ၂၃

မီးသတ်ဦးစီးဌာန(ရုံးချုပ်)၏ ကျောင်းသား၊ ကျောင်းသူများမှတစ်ဆင့် ပြည်သူများအား မီးဘေးလုံခြုံရေး အသိပညာ ဖြန့်ဝေသောစနစ် (School Based fire Safty Education) အရ နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးကျော်ကျော်သည် အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား မီးဘေးအန္တရာယ် လျော့နည်းပပျောက်စေရေး မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)

အထက (၃) မြောင်းမြ (ယခင် ကာတိုလိပ်ကျောင်း) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၂၃

မြောင်းမြမြို့အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ၌ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၇ ရက်တွင် အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် လုပ်ငန်းကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ရေးနှင့် မည်သည့်နှစ်တွင်မဆို အထက(၃) (ယခင် ကာတိုလိပ်ကျောင်း)တွင် ပညာရည်နို့သောက်စို့ခဲ့ကြဖူးသော ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ပါဝင်တက်ရောက်နိုင်ရေး ဆွေးနွေးဆုံးဖြတ်ကြသည်။

ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃၁ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်၍ အကြံပြုဆွေးနွေးကြရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးတင်အေး(အထက-၁၊ ကျောင်းအုပ်ကြီး) မြောင်းမြ ဖုန်း-၀၄၂-၇၁၂၈၅၊ ဒေါက်တာဒေါ်တင်ယုယုအေး (အထက-၃၊ ကျောင်းအုပ်ကြီး) မြောင်းမြ ဖုန်း-၀၄၂-၇၁၄၁၄၊ ဒေါ်စယ်လီလှိုင် (အလက-၂၊ ကျောင်းအုပ်ကြီး) ကွယ်လွန် ဖုန်း-၀၉-၄၉၇၄၁၉၉၅၊ ဦးခင်ထွန်း (ကံ့ကော်စံ) မြောင်းမြ ဖုန်း-၀၉-၄၉၇၁၇၄၈၇၊ ဦးကျင်ထွေး (ဖွဲ့ဆန်ရောင်းဝယ်ရေး) မြောင်းမြ ဖုန်း-၀၉-၄၉၇၄၁၂၅၈၊ ဦးအောင်မင်း (ခရိုင်ပြန်/ဆက်) မြောင်းမြ ဖုန်း -၀၄၂-၇၁၀၆၃၊ ဦးခင်မောင်စိုး (ရန်ကုန်) ဖုန်း-၀၁-၇၃၀၇၇၃၆၀၊ ဒေါ်ငွေငွေမြင့် (ရန်ကုန်) ဖုန်း - ၀၉-၅၁၇၀၀၇၁နှင့် ဦးဝင်းမော်(ရန်ကုန်) ဖုန်း -၀၉-၄၉၂၆၈၂၈၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်းနေ ကွယ်လွန်သူ ဖခင်ကြီး ဦးတင်မောင်အုန်း - မိခင် ဒေါ်ခင်သန်းလွင်၊ အစ်ကိုကြီး ကိုပါစီတို့အား ရည်စူး၍ သမီး ဒေါ်သီတာနွယ် (နည်းပညာတက္ကသိုလ် - သန်လျင်)၊ သား-ဦးကျော်ကျော်အောင်-ဒေါ်ယဉ်ယဉ်ခိုင်မိသားစုက ထာဝရဆွမ်းပဒေသာပင်နှင့် အဆောက်အအုံ ပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဝန်ကြီး ဦးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်မှုပညာရှင် လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၃

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CATIC Beijing Co., Ltd. မှ Director, Mr. Zou Kangning နှင့်အဖွဲ့သည် အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနရုံး ဝန်ကြီး၏ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး ခေတ်မီစက်မှုနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်မည့် စက်မှုလုပ်ငန်းများဆိုင်ရာ ကိစ္စရပ် များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေထံ ဆိုင်ကလုန်းမုန်တိုင်း ဂီရိ(GIRI) မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် AWE ကုမ္ပဏီမှ ဒေါက်တာ သာရင်မြတ် ဇနီး ဒေါ်နွယ်နွယ်အေး၊ သမီး မချောစုမြတ် မိသားစုက အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့် ဆန်အိတ် ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းစဉ်။(သတင်းစဉ်)

ဂီရိ(GIRI) မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အလှူငွေများနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့သို့ အောက်တိုဘာ ၂၂ ရက်က ဝင်ရောက်တိုက်ခတ်သွားခဲ့သော ဆိုင်ကလုန်းမုန်တိုင်း ဂီရိ (GIRI)မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် လှူဒါန်းငွေများနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် AWE ကုမ္ပဏီမှ ဒေါက်တာသာရင်မြတ်နှင့်ဇနီး ဒေါ်နွယ်နွယ်အေး၊ သမီး မချောစုမြတ် မိသားစုက အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့် ဆန်အိတ် ၁၀၀၀၊ မွန်မြတ်ကရုဏာရှင်များ(NCV)အဖွဲ့ ဦးမောင်စိန်က ဆန်အိတ် ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဦးမောင်မောင်ဆွေက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၄၁) ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၃

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၆) အမှတ်(၄၁)တွင် ဆိုင်ကလုန်းမုန်တိုင်းဂီရိ ရခိုင်ကိုဝင်၊ နေပြည်တော်ငါးသိန်းဖုန်း ပြန်ချပေးမည်၊ မြန်မာနိုင်ငံတွင် မတွေ့ရသေးသော ငါးမျိုးစိတ်သစ် စစ်ကိုင်း နဘက်တွင်တွေ့ရှိ၊ မြန်မာ့ပထမဆုံး အိုင်တီဆက်စပ်ပစ္စည်းစက်ရုံ ယခုနှစ်ကုန်တွင်ဖွင့်မည်၊ သဘာဝဓာတ်ငွေ့များ အိန္ဒိယသို့ ရောင်းချရန်စီစဉ်၊ ထူးကဲဒီရေကြောင့် မုတ္တမကမ်းရိုးတန်း ကမ်းပတ်တာကျိုး၊ မြန်မာ-ထိုင်း ပူးပေါင်း၍ မြိတ်ကျွန်းစုဒေသကို ထိန်းသိမ်းမှုစတင်ပြီ၊ ကုလထွေ/ချုပ်ဟောင်း ဦးသန့်နေအိမ် မူလပုံစံအတိုင်းရှိနေ၊ ငါးရိက္ခာဖူလုံရေး ၁၀နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်မည်၊ ထီပေါက်တာ အလိုအလျောက် သိနိုင်သည့်စနစ်လာပြီ၊ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့ ခေါင်းဆောင် ပါမောက္ခဒေါက်တာ နော်မန်လှနှင့် တွဲဖက်ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းတို့နှင့် တွေ့ဆုံခြင်း၊ ကမ္ဘာ့အကြီးဆုံးစေတီတော်နှင့် အင်ဒိုနီးရှား ဗုဒ္ဓဘာသာ (သို့မဟုတ်) ဘိုရိုဘုဒါစေတီတော်ကြီး၊ ကံလမ်းကြောင်းပေါ်က သူဌေးရည်မှန်းချက်နှင့် ဆင်းရဲသားမျှော်လင့်ချက်၊ မဖွဲ့မသို့ ရောက်ခဲ့ရာဝယ် Culture & History ၊ 'ဒီမိုကရေစီ၊ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးကို အမှန်တကယ်ဖော်ဆောင်မယ့် ပြည်သူ့ကိုယ်စားလှယ်ကိုရှာပြီး မဲပေးရွေးမှသာ သူတို့လိုချင်တာရနိုင်မယ်' (တာမွေမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးသိန်းတင်အောင်နှင့် တွေ့ဆုံခြင်း)၊ သူတို့ဘယ်မှာ အရွေးခံကြမလဲ၊ Party Talk၊ Political View ကဲ့သို့သော ဖတ်စရာ၊ မှတ်စရာ သတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'သံတမန်တစ်ဦးမှာ စာနာထောက်ထားမှုနဲ့ စိတ်ရင်းစေတနာကောင်းရှိရမှာ ဖြစ်တယ်' အမေရိကန်သံတမန် ခရစ္စတိုဖာ ဟီးလ်နှင့် The Straits Times သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ အပြင်းထန်ဆုံးမုန်တိုင်း ဖိလစ်ပိုင်သို့ ဝင်ရောက်တိုက်ခတ်၊ အာဖဂန်နှင့် တာလီဘန် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အမေရိကန်ကူညီ၊ ကမ္ဘာ့အရှည်ဆုံး ဥမင်လိုဏ်ခေါင်း ဆွစ်ဇာလန်တွင် ဖောက်လုပ်ပြီးစီး၊ နှာခေါင်းဖြတ်ခံရသော အာဖဂန်သူလေး ပြုံးနိုင်ပြီ၊ ဟူကျင်ထောင်၏အရိုက်အရာကို ဆက်ခံနိုင်မည့်သူနေရာတွင် ပြိုင်ဘက်အသွင်ဆောင်လာ၊ ဖိလစ်ပိုင်တွင် ပြန်ပေးသမားနှင့် ရဲတပ်ဖွဲ့တို့ အပြန်အလှန် ပစ်ခတ်ရာမှ ပြန်ပေးသမားငါးဦး သေဆုံး၊ သိပ္ပံပညာရှင်တို့က အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသော ဆဲလ်များအား ပျက်စီးစေသည့် ကုထုံးသစ်ဖန်တီး၊ ဖန်ပြွန်သန္ဓေ တည်နည်းဖြင့် မွေးဖွားလာသောကလေးများ အရပ်ပိုရှည် စသည့် နိုင်ငံတကာ သတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ပန်းပွင့်၊ ပန်းခိုင် ပြုလုပ်နည်းသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁၃ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အထက (၁) ကျောင်းခန်းမ၌ ကျင်းပရာ ပထမဆုရ စံပြဖဆပလရပ်ကွက်မှ ဒေါ်ဖြူဖြူမြင့်အား ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(၃၂)

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ ဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၃

ပြည်တွင်း၊ ပြည်ပရှိ ဟိုတယ်ကြီးများနှင့် အပျော်စီးသင်္ဘောလိုင်းများ၌ ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် AKP International Hotel & Tourism Centre က F& B Service Associates များအတွက် အဖျော်ယမကာ တည်ခင်းဝန်ဆောင်မှုသင်တန်း၊ F & B Productions Associates စားဖိုမှူးများအတွက်အစားအစာ ပြင်ဆင်ထုတ်လုပ်မှု သင်တန်း၊ Guest Service Agent များအတွက် ဧည့်ကြိုသင်တန်း၊ H / K Associates များအတွက် အိပ်ခန်းဆောင်ထိန်းသိမ်းရေး ဝန်ဆောင်မှုသင်တန်းများကို နိုင်ငံတကာသင်ရိုးညွှန်းတမ်းများ၊ စံသတ်မှတ်ချက်များနှင့်အညီ ထိရောက်စွာ သင်ကြားပေးလျက်ရှိသည်။

ထိုသို့ သင်ကြားပေးလျက်ရှိရာ အစားအစာနှင့် အဖျော်ယမကာ တည်ခင်းဝန်ဆောင်မှုသင်တန်းတွင် F& B Service Associaties များအတွက် Personal Hygiene & Grooming၊ Safety at Work၊ Food & Beverage know ledges ၊ Responsibilities of F & B Associates ၊ Mise- en plus procedure Tables setting. Using Equipment, Utensils , Glussware, China, Dishes. Plattes, Bowls and other containers. Service Tech niques, Service styles, Service methods.Taking Beverage order. Napkins Folding များကို ထည့်သွင်းသင်ကြားပေးသည်။

ထို့အပြင် နိုင်ငံတကာအဆင့် အစားအစာ ပြင်ဆင်ချက်ပြုတ်မှု သင်တန်းတွင် Food Safety, Personal Hygiene & Grooming , Safety at work, International Cooking Techniques, European Cuisine, Asian Cuisine နှင့် International Cuisine များကို ထည့်သွင်းသင်ကြားပေးလျက်ရှိရာ နိုဝင်ဘာ ၁ ရက်တွင် တန်းခွဲသစ်များ ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။

ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းရှင်များ အနေဖြင့် မိမိတို့လုပ်ငန်းများတွင် ဝန်ထမ်းများ လိုအပ်ပါက အခမဲ့ဝန်ဆောင်မှု ပေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ အနေဖြင့် ဖုန်း-၂၅၄၅၄၁နှင့် ၂၅၀၄၈၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး အလှတိုး

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၁၀-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၃၀ ၄။ ကာတွန်းအစီအစဉ် -အမြွာစုံထောက် (အပိုင်း-၅၀)
- ၁၁း၂၅ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အနိုင်မခံအရှုံးမပေး**
- ၁၂း၃၀ ၆။ ကျန်းမာသုတ
- ၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်မျက်ရည်လေး ပြယ်ပါစေ (အပိုင်း-၉)**
- ၂း၅၀ ၉။ အပိတ်နှုတ်ဆက်စကား။
- ၂း၅၅ ၁၀။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄း၄၅ ၇။ ဒိဗိုင်နာတို့ရဲ့ဒိဗိုင်း -ကြယ်သီးဖြင့်ပုံဖော်ထားသော ဖက်ရှင်ဒီဇိုင်း
- ၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၀။ ဘဝကြေးမုံ -အခါလွန်မိုး (ဝဏ္ဏ၊ ဆုဝတီ၊ ခင်ပုလဲဖြူ) (ဒါရိုက်တာ-ဘုန်းမျိုးကျော်)
- ၆း၅၀ ၁၁။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၆၁)**
- ၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ အမျိုးသားရေးတေးကဗျာ
- ၁၅။ နိုင်ငံရေးပါတီများ ဟောပြောချက်
- ၁၆။ ဘယ်လိုမဲပေးကြမှာလဲ
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ ပဟေဋ္ဌိနန်းတော်
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း တိမ်လွှာကြားက သိုင်းသမား (အပိုင်း-၂၇)**
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၃၆)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

မုန်တိုင်းမိုးရွာသွန်းမှုကြောင့် ရိတ်သိမ်းပြီး ရိတ်သိမ်းဆဲ ရိတ်သိမ်းမည့်မိုးစပါးများ လေလွင့်ဆုံးရှုံးမှုမရှိစေရန် တောင်သူလယ်သမားများသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နှိုးဆော်ချက်ထုတ်ပြန်

* မိုးရွာနေစဉ် လုံးဝစပါးမရိတ်သိမ်းပါနှင့်။
* ရိတ်သိမ်းဆဲ စပါးခင်းများကို အချိန်အခါမဲ့ မိုးရွာပြီးသည်အထိ ခေတ္တရပ်ထားပါ။ မရိတ်သိမ်းရသေးသော စပါးခင်း၏ စပါးစေ့များသည် ရိတ်သိမ်းပြီး ကောက်လှိုင်းရှိ စပါးစေ့များထက် လေလွင့်ဆုံးရှုံးမှု ပိုမိုသက်သာစေသည်။
* ရိတ်သိမ်းပြီး ကောက်လှိုင်းများကို အမြန်ဆုံးခြွေလှေ့၍ အမိုးအကာအောက်သို့ပို့ပါ။
* ရိတ်သိမ်းထားသည့် စပါးခင်းအနီးနှင့် နီးစပ်ရာကုန်းမြင့်တွင် စပါးခြွေစက်ဖြင့် ချက်ချင်းခြွေပြီး တလင်းပျောက်စနစ် ကျင့်သုံးပါ။
* ရိတ်သိမ်းပြီးစပါးကို အမြန်ဆုံးခြွေနိုင်ရန် ကျေးရွာများရှိ စပါးခြွေစက်များအားလုံးကို စွမ်းအားပြည့်အသုံးချ၍ ဆောင်ရွက်ပါ။ လိုအပ်ပါက စက်မှုလယ်ယာဦးစီးဌာန၏ အကူအညီကို ရယူဆောင်ရွက်ပါ။
* နယ်လှေ့ပြီး စပါးများကို အမြန်ဆုံးအိတ်သွတ်၍ အမိုးအကာအောက်သို့ပို့ပါ။
* စပါးခြွေနယ်လှေ့ရန် အချိန်မမီပါက ကောက်လှိုင်းများကို လယ်ကွက်ထဲတွင်မထားဘဲ အမိုးအကာအောက် ချက်ချင်းပို့ပါ။ ကောက်လှိုင်းများရွှေ့ပြောင်းရန် အချိန်မမီပါက တာလပတ်၊ ပလတ်စတစ် စသည့် အမိုးအကာများနှင့် ဖုံးအုပ်ထားပါ။
* ရိတ်သိမ်းပြီး စပါးခင်းထဲတွင် ကောက်ပြန့်များရှိပါက အမြန်ဆုံး ကောက်လှိုင်းစည်း၍ အနံ့ထောင်ပြီးထားပါ။ ကောက်လှိုင်းများကို မိုးရေလျှောဆင်းနိုင်ရန် တစ်ဖက်ရပ်ပုံထားပါ။
* စပါးခြွေသော တလင်းများ၏ ပတ်လည်တွင် ရေနုတ်မြောင်းများ ပြုလုပ်ထားပါ။
* တလင်းအတွင်း ကောက်ပြန့်တွင်မိုးမိပါက ကောက်ရိုးများအမြန်ဆုံးဖယ်ရှား၍ ရေစိုစပါးများကို နေလှန်းအခြောက်ခံပါ။
* ကောက်လှိုင်းများ ခြွေခြင်း၊ စပါးများ အမြန်ရွှေ့ခြင်း၊ ခြွေပြီးစပါးများ ရွှေ့ပြောင်းခြင်း၊ ကောက်လှိုင်းများကို အဖုံးအကာများနှင့်ဖုံးခြင်း စသည့် လုပ်ငန်းများကို လက်စားလိုက်စနစ်ဖြင့်လည်းကောင်း၊ စုပေါင်းဖွဲ့စည်း၍ လည်းကောင်း၊ လူအင်အား၊ စက်အင်အားအပြည့်အဝ အသုံးပြု၍ ဆောင်ရွက်ပါ။
* လိုအပ်သော အကူအညီများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်းဌာနများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များနှင့် ညှိနှိုင်းဆက်သွယ်၍ အကူအညီများ ရယူဆောင်ရွက်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

သီတင်းကျွတ်လပြည့် အများပြည်သူအားလပ်ရက်တွင် နေပြည်တော်တစ်ခွင်၌ မီးရောင်စုံတို့ဖြင့် လှပဝေဆာနေ

နေပြည်တော် အောက်တိုဘာ ၂၃

ယနေ့သည် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အများပြည်သူတို့၏ အားလပ်ရက်ဖြစ်သည်နှင့်အညီ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်း ဆင်ဖြူတော်ရတနာဆောင်ရှိ ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီနှင့် ဆင်ဖြူတော်ရတနာ နန္ဒဝတီတို့အား လာရောက်ကြည့်ရှုလေ့လာကြသည့် ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ကြည့်ရှုအပန်းဖြေ

ထို့အတူ နေပြည်တော်ရေပန်းဥယျာဉ်၌လည်း ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ၊ ဒေသခံပြည်သူများ၊ တစ်ဦးချင်းအလိုက်၊ အဖွဲ့လိုက် လာရောက်အပန်းဖြေအနားယူကြပြီး အထူးသဖြင့် ညဦးပိုင်းတွင် ရေပန်းဥယျာဉ်၏ ပန်းမန်အလှများ၊ ပုံဖော်အလှပင်များနှင့် ရေပန်းပဒေသာ၊ ရေပန်းအောက် လျှောက်လမ်း၊ ရေတံခွန်အလှနှင့် ရေပန်းအကများကို ပျော်ရွှင်မြူးထူးစွာ ကြည့်ရှုအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

ညပိုင်းတွင် နေပြည်တော်တစ်ခွင်လုံး၌ ဆီမီးရောင်စုံတို့ဖြင့် လှပဝေဆာလျက်ရှိပြီး ဝန်ကြီးဌာနရုံးများ၊ နေပြည်တော်မြို့တော်ခန်းမ၊ နေပြည်တော်စာတိုက်ကြီး၊ ကျောက်မျက်ရတနာပြတိုက်၊ မြို့မဈေး၊ သပြေကုန်းဈေး၊ နေပြည်တော် Junction Centre၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ပဒုမ္မာကြာပန်းအဝိုင်းနှင့် ဝန်ထမ်းအိမ်ရာများ၌ သီတင်းကျွတ် မီးထွန်းပွဲတော်အဖြစ် မီးရောင်စုံများ၊ လျှပ်ပြေးမီးရောင်စုံများ၊ ဆီမီး၊ ဖယောင်းတိုင်မီးများ ညှိထွန်းပူဇော်ထားသည်ကို တွေ့ရှိရသည်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်၌ ဆီမီးများ ထွန်းညှိပူဇော်ကြစဉ်။ (အပေါ်ပုံ နှင့် ယာပုံ)
(သတင်းစဉ်)

ဆင်ဖြူတော်ရတနာဆောင်ရှိ ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီနှင့် နန္ဒဝတီတို့အား အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)



မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၁၀-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၅ ၇။ အကပြိုင်ပွဲ
၈း၂၅ ၈။ တေးဂီတအစီအစဉ်
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ "နောက်မကျရအောင်"
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅ ၄။ **နိုင်ငံခြားဇာတ်လမ်း "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ"(အပိုင်း-၅၄)**
၁၂း၃၅ ၅။ Golf Magazine(TV)
၁၂း၅၅ ၆။ **မြန်မာ့ရုပ်ရှင် "အမှတ်တမဲ့မှ အမှတ်တရသို့" (ရန်အောင်၊ ရာဇာနေဝင်း၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ခိုင်မြတ်အောင်)**
၂း၄၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၅၀ ၈။ International News
၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၃၀ ၁။ Myanmar National League MNL 2010 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် [ဧယျာဝတီရွှေမြေ F.C နှင့် မကွေး F.C]
၅း၁၅ ၂။ တေးဂီတအစီအစဉ်
၅း၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၄၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၅၀ ၅။ ကမ္ဘာ့ကုလသမဂ္ဂနေ့တေးများ
၆း၀၀ ၆။ ညနေခင်းသတင်း
၆း၁၅ ၇။ မိုးလေဝသအခြေအနေ
၆း၂၀ ၈။ **ကာတွန်းအစီအစဉ်** "BUGS' ADVENTURES" **(အပိုင်း-၃၄)**
၆း၄၀ ၉။ **တစ်မျက်နှာတစ်ကွက်စာ "ပြန်ပေးမှာပါ" (ဇာတ်သိမ်း) (သိင်္ဂီထွန်း၊ ကိုဖြိုး၊ သဒ္ဒါတင်တင်) (ဒါရိုက်တာ-ဘုန်းမျိုးကျော်)**
၇း၀၀ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်"(အပိုင်း-၂၆)**
၇း၄၅ ၁၁။ "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ)
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် (ဒုတိယအကြိမ်)
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၆၈)**
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၄)**
၁၈။ အစီအစဉ်ပြီး၏။

ရေပန်းဥယျာဉ်၌ အပန်းဖြေသူများဖြင့် စည်ကားနေစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး

ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးသည် တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၁၄ ရက်တွင် တိုင်းစစ်ဌာနချုပ်၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများ၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုး ရောင်းချပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ကျိုင်းတုံမြို့ စစ်မှုထမ်းဟောင်းအိမ်ရာသို့ ရောက်ရှိပြီး အိမ်ရာအဆောက်အအုံများ ဆောက်လုပ်ထားရှိမှု၊ မိသားစုဝင်များ၏ ရာသီသီးနှံစိုက်ပျိုးထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ တာဝန်ရှိသူများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ်၏ စားသုံးဆီကြိတ်စက်အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

တိုင်းမှူးသည် အောက်တိုဘာ ၁၅ရက်တွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ တပ်နယ်တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တာဝန်ရှိသူများထံ အားကစားပစ္စည်းနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ကာ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ကျိုင်းတုံတပ်နယ် နယ်မြေခံ တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရာဇဌာနီလမ်းပေါ်ရှိ ပဒုမ္မာကြာပန်းအဝိုင်းအား ရောင်စုံမီးအလှများဖြင့် လှပစွာ တွေ့မြင်ရစဉ်။ (သတင်းစဉ်)

နေပြည်တော်စာတိုက်ကြီးအား ရောင်စုံမီးအလှများဖြင့် တွေ့ရစဉ်။ (သတင်းစဉ်)

မြို့မဈေးအား ရောင်စုံမီးအလှများဖြင့် တွေ့ရစဉ်။ (သတင်းစဉ်)

Online ကုန်စည်ပြပွဲ ခင်းကျင်းပြသရန် မိတ်ဆက်ရှင်းလင်း

ရန်ကုန် အောက်တိုဘာ ၂၃

မြန်မာနိုင်ငံ၌ ပထမဆုံး Online ကုန်စည်ပြပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၁ ရက်အထိ အွန်လိုင်းပေါ်တွင် iBiz Service Provider Co.,Ltd. ၏ နည်းပညာအရ ကျင်းပသွားမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ၊ မအားလပ်သူများ၊ ခရီးလွန်နေသူများ၊ အခြားမြို့၊ နိုင်ငံများမှ စိတ်ပါဝင်စားသူများ၊ စိတ်ဝင်စားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မသွားရောက်နိုင်သူများ၊ အရေးကြီးပုဂ္ဂိုလ်များအနေဖြင့် လွယ်ကူစွာ ပါဝင်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်းကို Founder ဦးဝင်းထွန်းက ရှင်းလင်းပြောကြားခဲ့သည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စရိတ်သက်သာစွာဖြင့် မိမိတို့၏ Product နှင့် Service များကို ဈေးကွက်သို့ တိုတောင်းသောအချိန်အတွင်း သုံးစွဲသူများနှင့် ပိုမိုရင်းနှီး အကျွမ်းဝင်စေနိုင်မည်ဖြစ်သည်။

အဆိုပါပြပွဲသည် Internet ပေါ်တွင် အခြေခံပြီး ပြုလုပ်ရမည်ဖြစ်သဖြင့် ပထမဦးဆုံးအနေဖြင့် IT & Electronic လုပ်ငန်းရှင်များအတွက် လွန်စွာသင့်လျော်မည်ဖြစ်ပြီး Education, Job & Office Furniture လုပ်ငန်းရှင်များအပြင် Idea အသစ်ဖြင့် မိမိလုပ်ငန်းများကို တိုးတက်စေချင်သူ လုပ်ငန်းရှင်များအတွက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်သွယ်နိုင်

ယင်းပြပွဲတွင် ပါဝင်လိုသူများသည် အရောင်းပြခန်းများ၊ အရောင်းဆိုင်များ၊ ထူးခြားဆန်းသစ်သော Sponsor Program များ၊ ကြော်ငြာကဏ္ဍများ စသည်တို့တွင် ပါဝင်နိုင်ကြောင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် iBiz Service Provider အမှတ်(၈၆၂) ဓမ္မာရုံလမ်း (၁၀)မိုင် အင်းစိန်မြို့နယ် ဖုန်း-၆၆၃၆၂၁ နှင့် ၀၉-၅၄၀၈၇၁၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ပျဉ်းမနားမြို့နယ် မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရ ထံမှ အဘိဓမ္မာအခါတော်နေ့ တရားတော်ကို နာယူကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် အင်းသာအရှေ့ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ပဏ္ဍိတထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့ဝင်များ၊ နေပြည်တော် ပျဉ်းမနားတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ ဝတ်အသင်းများ၊ နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဝတ်အသင်းများက ဗုဒ္ဓဒေသနာတော်များကို နံနက်ပိုင်းမှ စတင်၍ ညပိုင်းအထိ အလှည့်ကျရွတ်ပွား ပူဇော်ကြပြီး ညပိုင်းတွင် ဆီမီးထွန်းညှိ ပူဇော်ကြသည်။ နံနက်အရုဏ်တက် ဆွမ်းတော်ကြီးတင်လှူပွဲများ၊ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများ၊ တရားပွဲများ၊ ဝတ်ရွတ်ပူဇော်ပွဲများ၌ ဆီမီးထွန်းညှိ ပူဇော်ပွဲများကို ကျင်းပကြသည်။

ထို့အတူ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ မြို့မစျေးကုန်းကျောင်းတိုက်၌ သာသနာရေးဝန်ကြီးဌာနက ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာရိုးရိုး၊ အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတို့တွင် ပျဉ်းမနားမြို့ စာစစ်ဌာနမှ ဖြေဆိုအောင်မြင်ခဲ့သည့် စာအောင်ပုဂ္ဂိုလ်များအား အောင်လက်မှတ် ပေးအပ်ပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို မွန်းလွဲ ၂ နာရီတွင်ကျင်းပရာ တာဝန်ရှိသူများက စာအောင်ပုဂ္ဂိုလ်များအား အောင်လက်မှတ်နှင့် ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

> **နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ ဒုတိယအကြိမ် အဘိဓမ္မာအခါတော်နေ့ မင်္ဂလာအခမ်းအနား ကျင်းပစဉ်။** (သတင်းစဉ်)

> **သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၌ ဝတ်အသင်းအဖွဲ့များ ရွတ်ဖတ်ပူဇော်နေကြစဉ်။** (သတင်းစဉ်)

ထို့အပြင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ (၄၂)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်ကို နှစ်စဉ်ကျင်းပမြဲအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဘုရားပွဲတော် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် ညနေ ၆ နာရီခွဲတွင် ပျဉ်းမနားမြို့ ဗိုလ်ချုပ်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူစံကျောင်းတော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

ရွှေတိဂုံ

ထို့အတူ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၌ နံနက်အရုဏ်တက်တွင် ဆွမ်းတော်ကြီး ကပ်လှူခြင်း၊ နေ့ဆွမ်းကပ်လှူခြင်းနှင့် မွန်းလွဲပိုင်းတွင် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြပြီး ညပိုင်းတွင် ဆီမီးထွန်းပွဲကို ကျင်းပကြသည်။

ဆူးလေ

အလားတူ ဆူးလေစေတီတော်၌ မွန်းလွဲပိုင်းတွင် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ကျင်းပရာ ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များနှင့် အဘိဓမ္မာအခါတော်ဆိုင်ရာ တရားတော်တို့ကို နာကြားကြပြီး ညပိုင်းတွင် ဆီမီးများ ထွန်းညှိပူဇော်ကြသည်။

ဗိုလ်တထောင်

ထို့အတူ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းများ ကပ်လှူခြင်း၊ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ခြင်း၊ စတုဒိသာ ကျွေးမွေးခြင်း၊ ဇီဝိတဒါန ဆေးဝါးကုသပေးခြင်းနှင့် ညပိုင်းတွင် ဆီမီးများထွန်းညှိ ပူဇော်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့❖

> **ဗုဒ္ဓဒေသနာတော်များကို နံနက်ပိုင်းမှ စတင်၍ ညပိုင်းအထိ အလှည့်ကျ ရွတ်ပွား ပူဇော်ကြပြီး ညပိုင်းတွင် ဆီမီးထွန်းညှိပူဇော်။ နံနက် အရုဏ်တက် အချိန်တွင် အရုဏ်ဆွမ်း၊ သစ်သီးဆွမ်းနှင့် ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာများဖြင့် ဆက်ကပ်လှူဒါန်းကြကာ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများဖြင့် နံနက်ပိုင်းမှ ညပိုင်းအထိ အထူးစည်ကား။**

အချိန်တွင် အရုဏ်ဆွမ်း၊ သစ်သီးဆွမ်းနှင့် ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာများဖြင့် ဆက်ကပ်လှူဒါန်းကြကာ ဥပုသ်သီတင်းသီလဆောက်တည်ကြသူများဖြင့် နံနက်ပိုင်းမှ ညပိုင်းအထိ အထူးစည်ကားလျက်ရှိသည်။

ပူဇော်ပွဲများ

အလားတူ နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်၌ တည်ထားကိုးကွယ်သည့် ဓာတုစယဓာတ်ပေါင်းစုစေတီတော်၊ ပျဉ်းမနားမြို့ရှိ ရွှေဟောင်းသမိုင်းဝင် ဘုရားကိုးဆူစေတီတော်၊ လောကမာရဇိန်ဘုရား၊ ကိုးခန်းကြီးဘုရား၊ လောကရန်နိုမ်ဘုရား အစရှိသည့် ဘုရား၊ စေတီပုထိုးများ၊ နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့ရှိ ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးတို့၌

> **သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ (၃၃)ကြိမ်မြောက် ပဝါရဏာပွဲ ကျင်းပနေစဉ်။** (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၀-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "အဘိဓမ္မာအခါတော်နေ့" တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၅၃)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၀)**
၈း၅၀ "ပန္ဆာတိုင်းမှာ . . . အဖြေရှိတယ်" ဗီဒီယိုဇာတ်ကားနှင့်မိတ်ဆက်ခြင်း
၉း၁၀ တစ်နေရာတည်း ပြီးပြည့်စုံစေမှာ . . Ginger
၉း၃၀ Sunday Talk [ကိုကို(စက်မှုတက္ကသိုလ်)၊ မျိုးမြတ်သူ]
၁၀း၀၀ အရည်အသွေးမြင့်ထုတ်ကုန် လှိုင်းတက်စည်သွတ်စက်ရုံ
၁၀း၂၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၂)
၁၀း၅၀ ဗီဒီယိုပြခန်း
၁၁း၀၅ စျေးဝယ်လမ်းညွှန် (တော်ဝင်ပလာဇာ)
၁၁း၂၀ ရန်ကုန်မြင်ကွင်းကျယ် (Premium Food Service Products Show Room ဖွင့်လှစ်ခြင်း အခမ်းအနား)
၁၁း၃၀ my Night, my Dream AND Tri-C
၁၁း၄၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၂း၁၀ Activities in The City [အထက(၃) ပန်းဘဲတန်း မြတ်ဆရာပူဇော်ပွဲ]
၁၂း၂၀ ပန်းချီပြခန်း (Spectrum Rain)
၁၂း၄၀ စကားဝါမြေမှ မေတ္တာရှင် ဇီဝိတဒါနအာရောဂျသာလာ သံဃာ့ဆေးရုံ
၁း၀၀ "အဘိဓမ္မာအခါတော်နေ့" တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း (အိမ်ကပ်တာကောင်းတယ်၊ အိမ်မကပ်တာကောင်းတယ်)
၃း၂၅ တိကျတဲ့ အချိန်တိုင်းအတွက်
၃း၃၅ Kid's Show
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၀)**
၅း၀၀ FMF Selection
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၅၄)**
၇း၃၀ သွားမယ် စားမယ် (1 two 4)
၈း၀၀ MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် - ဘယ်လိုမဲပေးကြမှာလဲ (မြန်မာနိုင်ငံရုပ်ရှင် အစည်းရုံးဝင်များ)
၈း၃၀ ဟိုတယ်လမ်းညွှန် (HOTEL MAX Chaung Tha Beach)
၉း၀၅ Talent Show (ကြည်နူးခံစား အမျိုးသမီးတို့ရဲ့ ဆိုင်းလက်သံများ)
၉း၂၅ Barclays Premier League (Man City Vs Arsenal)
၁၀း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၁)**
၁၂း၂၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ဘာမီတွန်"
၁၂း၅၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တက္ကသိုလ်အေးမောင်)
၁း၃၀ ရန်ကုန်မြင်ကွင်းကျယ် (Premium Food Service Products Show Room ဖွင့်လှစ်ခြင်း အခမ်းအနား)
၁း၄၀ ဆေးဖက်ဝင် . . . ဝင်ငွေတိုး. . . "ဝ" ဥပင်ကိုပျိုး
၂း၀၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ထွန်းထွန်းလင်းနှင့် တွေ့ဆုံခြင်း)
၂း၂၀ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ဒိန်ချဉ်ပြုလုပ်နည်း)
၂း၃၀ ကိုစိန်နှင့် ကိုယ်ဝန်ဆောင်မိခင် (စံလင်း၊ မျောက်ရှုံး၊ အေးအေးခိုင်၊ အေးသီတာ) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၂း၃၅ နယဉ်ဆန်းထွင် သစ်သီးအလှဆင် (ဟင်းသီးဟင်းရွက်များကို စားချင်စဖွယ်ဖြစ်အောင် ပြင်ဆင်ခြင်း)
၃း၀၀ ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
၃း၂၅ Box Office Movies (Harry Potter)
၃း၅၀ အလှင်ဆင်စရာပရိဘောဂကမ္ဘာ (Myanmar KEK Group Co.,Ltd.)
၄း၀၅ ယဉ်ကျေးသွင်ပြင်ဝတ်စားဆင် ပိုးချိတ်အသွင်
၄း၂၅ မြို့ကျောက်ဆည်၏အလှဂုဏ်ရည် (ကျောက်ဆည်စက်ရုံများနယ်မြေ)
၄း၃၅ စကားဝါမြေမှ မေတ္တာရှင်ဇီဝိတဒါနအာရောဂျ သာလာသံဃာ့ဆေးရုံ
၄း၅၀ ပူဇော်လှူဒါန်းကြာသက်န်း
၅း၀၀ အစီအစဉ်ပြီး။

> **MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

Barclays Premier League **ဘောလုံးပွဲစဉ်များ**

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Stoke City - Man U	ESPN (Live)
၈း၂၅	Liverpool - Blackburn	STAR SPORTS (Live)
၉း၂၅	Man City - Arsenal	ESPN (Live)

❖စာမျက်နှာ ၆ မှ

အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ဂေါပကအဖွဲ့က ကြီးမှူးပြီး အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာမင်္ဂလာ အခမ်းအနားကို ကျင်းပကာ ညပိုင်းတွင် ဆီမီးများ ထွန်းညှိပူဇော်ကြသည်။

ထို့အတူ မဟာဝိဇယစေတီတော်၌ နံနက်ပိုင်းတွင် ဂေါပကအဖွဲ့နှင့် ဝတ်အသင်းအဖွဲ့များက စုပေါင်းဆွမ်းတော်ကြီး ကပ်လှူကြပြီး ဝတ်အသင်းအဖွဲ့များက အဘိဓမ္မာအခါတော်နေ့ ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဆိုပူဇော်ကြကာ ညပိုင်းတွင် ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ကြသည်။

စွယ်တော်မြတ်စေတီ

အလားတူ ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၌ နံနက်ပိုင်းတွင် ဘုရားအနေကဇာတင်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များ ရွတ်ဆိုပူဇော်ခြင်း၊ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကျင်းပခြင်းနှင့် ညပိုင်းတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကြသည်။

ထို့အတူ ရွှေဘုန်းပွင့်စေတီတော်၌ (၃၃)ကြိမ်မြောက် ပဝါရဏာပွဲကို စေတီတော်ဓမ္မာရုံသစ်ကြီး၌ ကျင်းပသည်။

အလားတူ အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၌ နံနက်အရုဏ်တက်တွင် ဆွမ်းတော်ကြီး ဆက်ကပ်ပူဇော်ပြီး ပဥ္စမအကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကိုကျင်းပကာ ညပိုင်းတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကြသည်။

ထို့အတူ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၌ (၁၅)ကြိမ်မြောက် အသံမစဲ အဘိဓမ္မာ(၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပပြီး ညပိုင်းတွင် ရောင်စုံမီးများ ထွန်းညှိပူဇော်သည်။

ဆီမီးပူဇော်

အလားတူ ရန်ကုန်မြို့ရှိ ကျိုက္ကစံစေတီတော် ၊ မယ်လမုစေတီတော်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ မိုးကောင်းစေတီတော်၊ သန်လျင်မြို့ ကျိုက်ခေါက်စေတီတော်၊ တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)ရှိ မြို့ဦးစေတီတော်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကျိုက္ကလို့၊ ကျိုက္ကလဲ့စေတီတော်များ၌ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများ ကျင်းပကြပြီး ညပိုင်းတွင် ဆီမီးများ ထွန်းညှိပူဇော်ကြသည်။ (သတင်းစဉ်)

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေစဉ်။ (သတင်းစဉ်)

မဟာဝိဇယစေတီတော်

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် မဟာဝိဇယစေတီတော်၌ ဝတ်အသင်းအဖွဲ့များ ဝတ်ရွတ်ပူဇော်နေစဉ်။ (သတင်းစဉ်)

ရန်ကုန်တက္ကသိုလ် (ဘူမိဗေဒ)ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၃

၁၉၉၃-၁၉၉၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်(ဘူမိဗေဒ)၌ တက်ရောက်ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲကို နိုဝင်ဘာ ၂၇ရက်တွင် ကျင်းပမည်ဖြစ်ရာ အောက်တိုဘာလကုန် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းပေးနိုင်ရန်နှင့် အောက်တိုဘာ ၃၁ရက်တွင် တောင်ငူဆောင် စားသောက်ဆိုင်တန်း၌ ညှိနှိုင်းအစည်းအဝေး ပြုလုပ်မည်ဖြစ်သည်။ လှူဒါန်းလိုပါက လင်းထင် ဖုန်း-၀၉-၅၁၄၃၃၁၀၊ သီဟ ဖုန်း-၀၁-၅၃၄၁၁၉၊ ကျော်သူ ဖုန်း-၀၉-၈၀၃၄၈၇၇၊ မင်းမင်းအောင် ဖုန်း-၀၉-၅၁၃၅၉၀၁၊ ခင်မောင်ဌေး (စင်ကာပူ) ဖုန်း-၀၆၅-၉၀၆၆၄၇၄၅၊ မျိုးအောင်ခင် ဖုန်း-၀၉-၅၀၁၀၃၉၆၊ ညဏ်ဇော်ထွန်း ဖုန်း-၀၉-၅၀၀၅၇၄၇၊ မိုးဇော်ဦး ဖုန်း-၀၁-၂၀၅၄၃၉၊ သက်နိုင်ကျော် ဖုန်း-၀၉-၅၁၆၂၄၆၀၊ ထွန်းဝင်း ဖုန်း-၀၉-၅၁၀၈၂၆၆၊ ကျော်နိုင်ဝင်း ဖုန်း-၀၁-၅၇၉၁၅၇၊ အောင်ကျော်တိုး ဖုန်း-၀၉-၂၀၀၅၆၀၃၊ ၀၉-၆၄၆၃၅၆၆၊ ခင်မာဖြူ ဖုန်း-၀၉-၅၁၄၃၃၁၀၊ ချယ်ရီမြ ဖုန်း-၀၉-၉၉၂၇၄၅၀နှင့် ခွန်ပြည့်အေး april.khun@gmail.com တို့ထံ ဆက်သွယ်နိုင်ကြကြောင်း သိရသည်။ (သတင်းစဉ်)

အလက(၄) ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၃

အမှတ်(၂၃) ဦးကြွယ်ဟိုးလမ်း အလက(၄)ကြည့်မြင်တိုင်၌ ၁၉၆၅ခုနှစ်မှ ၁၉၈၄ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော အသက် (၆၀)နှင့် အထက်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁ရက်တွင် ကျင်းပမည်ဖြစ်ရာ ကိုခင်မောင်ဝင်း ဖုန်း-၀၉၅၀၂၁၁၉၇၊ ကိုဝင်းဦး ဖုန်း-၀၉၅၁၂၄၁၇၈၊ ကိုခင်မောင်အေး ဖုန်း-၀၉၅၁၂၅၅၈၅၊ ကိုစိုးမြင့်အောင် ဖုန်း-၅၂၄၃၁၈၊ ကိုကျော်ကျော် ဖုန်း-၇၀၃၄၃၂၊ ဒေါက်တာအေးအေးမြင့် ဖုန်း-၀၉-၅၁၆၅၅၈၅၊ မလေးခင် ဖုန်း-၅၂၆၂၃၆၊ မပြုံးပြုံးရီ ဖုန်း-၅၁၇၃၁၃၊ မအေးအေးမော် ဖုန်း-၅၁၁၁၀၈၊ မမျိုးမျိုး ဖုန်း-၀၉၅၀၉၂၂၂၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၃

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ ကြီးမှူး၍ အောက်တိုဘာ ၂၇ရက် နံနက် ၉နာရီမှ မွန်းတည့်၁၂နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် ပင်မဆောင်ရှိ အခန်း(၂၀၅)တွင် ဟောပြောမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲသို့ နည်းပညာများကို စိတ်ဝင်စားသူ မည်သူမဆို (အခမဲ့) တက်ရောက်ဆွေးနွေးနိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆၊ ၇၃၀၈၈၃၀၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မုန်တိုင်းတိုက်ခတ်ပြီးချိန် ဆောင်ရွက်ရန်

(က) စိတ်ချရသော သတင်းရရှိမှသာ နေအိမ်သို့ပြန်ရန်။
(ခ) ပြိုကျပျက်စီးနိုင်သော အဆောက်အအုံနှင့် သစ်ပင်များရှိရာသို့ မသွားကြရန်။
(ဂ) ပြတ်ကျ၊ ပြတ်ကျနေသော ဓာတ်ကြိုးများကို ကိုင်တွယ်ခြင်း မပြုရန်။
(ဃ) ရေဝပ်သောနေရာများတွင် ကလေးများ ဆော့ကစားခြင်း မပြုကြစေရန်။
(င) ရေကို ကျိုချက်၍ သောက်ကြရန်။

အမျိုးသားသဘာဝဘေး
ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ

မြေပြိုကျမှုအန္တရာယ်များမှ ကြိုတင်ကာကွယ်တားဆီးရန် သတိပေးနှိုးဆော်ချက်

မြေပြိုခါနီး ဖြစ်တတ်သောလက္ခဏာများ

(၁) မိမိတို့၏ နေအိမ်များ၌ တံခါးများ ဖွင့်/ပိတ်ရာတွင် ကျပ်လာခြင်း။
(၂) အိမ်၏ အုတ်နံရံများ အက်ကွဲလာခြင်း။
(၃) အောက်ခြေအုတ်နံရံများ အက်ကွဲလာခြင်း။
(၄) ခြံစည်းရိုးများ နေရာရွေ့လာခြင်း၊ စောင်းလာခြင်း။
(၅) ကွန်ကရစ်လမ်း/မြေမာလမ်းများ၌ တဖြည်းဖြည်း အက်ကွဲကြောင်းများ ဖြစ်ပေါ်လာခြင်း။
(၆) ယခင်ရေမထွက်ဖူးသည့် အက်ကွဲကြောင်းများမှ ရေများစိမ့်ထွက်လာခြင်း။
(၇) ဝင်းခြံတံတိုင်းများ၊ ခြံစည်းရိုးများ၊ ဓာတ်တိုင်များ၊ သစ်ပင်များ ယိမ်းယိုင်ရွေ့လျားလာခြင်း။
(၈) မြေပြိုစအချိန်တွင် အသံတိုးတိုးကြားရပြီး မိမိနှင့် နီးကပ်လာပါက အသံကျယ်လောင်လာခြင်း။

ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ

(၁) သတိပေးချက်များ အချိန်မီသိရှိနိုင်ရန်အတွက် ရေဒီယို၊ ရုပ်မြင်သံကြားမှ သတိပေးချက်များကို နားထောင်ရန်။
(၂) မြေပြိုခါနီး ဖြစ်တတ်သော လက္ခဏာများကို သိရှိနားလည်အောင် ပြုလုပ်ထားရန်။
(၃) ယင်းလက္ခဏာများကို တွေ့ရှိရလျှင် ဘေးလွတ်ရာသို့ အချိန်မီ ကြိုတင်ရှောင်တိမ်းရန်။
(၄) ယင်းလက္ခဏာများတွေ့ရှိရလျှင် သက်ဆိုင်ရာအာဏာပိုင်များထံ အမြန်ဆုံးအကြောင်းကြားရန်။
(၅) ယင်းလက္ခဏာများတွေ့ရှိရလျှင် နီးစပ်ရာပြည်သူများအား ကြိုတင် ရှောင်တိမ်းနိုင်ရေး အမြန်ဆုံးအသိပေးအကြောင်းကြားရန်။

မြေပြိုပြီးနောက် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများ

(၁) မြေပြိုကျသည့် နေရာတစ်ဝိုက်တွင် နေထိုင်ခြင်းမပြုရန်။
(၂) ယင်းနေရာများတွင် နောက်ထပ် မြေပြိုကျမှုများ ဖြစ်လာနိုင်သည်ကို သိရှိနားလည်ပြီး သတိထားရန်။
(၃) ထိခိုက်ဒဏ်ရာ ရရှိသူများကို ရှာဖွေကယ်ဆယ်နိုင်ရေး ကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်။
(၄) လူနာများအား ရှေးဦးသူနာပြုစုနည်းများဖြင့်ပြုစု၍ နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးပို့ဆောင်ပေးရန်။
(၅) အပျက်အစီးများအား အမြန်ဆုံးရှင်းလင်းနိုင်ရေး ဆောင်ရွက်ရန်။
(၆) ပြတ်ကျ/ပြတ်ကျနေသော ဓာတ်ကြိုးများကို ကိုင်တွယ်ခြင်း မပြုရန်။

အမျိုးသားသဘာဝဘေး
ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ

ဆန္ဒမဲပေးကြမှာ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်သူ့ကိုယ်စားလှယ်လောင်းတွေကို နိုင်ငံနှင့်အဝန်း ပြည်သူတွေက တစ်ပြိုင်နက် ဆန္ဒမဲပေးရွေးချယ်နိုင်အောင် ၇-၁၁-၂၀၁၀ ရက်နေ့ (တနင်္ဂနွေနေ့)ကို ရွေးကောက်ပွဲ ကျင်းပမယ့်နေ့အဖြစ် သတ်မှတ်ပေးထားပါပြီ။

မြန်မာနိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ပြီး အသက်(၁၈)နှစ် ပြည့်သူတိုင်း ဆန္ဒမဲပေးနိုင်အောင် မဲစာရင်းပုံစံ(၁)နဲ့ ရပ်ကွက်၊ကျေးရွာအလိုက် မဲစာရင်းတွေကို ရပ်ကွက်၊ကျေးရွာကော်မရှင်ရုံးတွေမှာ အများပြည်သူကြည့်ရှုသိရှိနိုင်အောင် ကြော်ငြာသင်ပုန်းတွေမှာ ကပ်ပြီး ၂၀-၉-၂၀၁၀ရက်နေ့က ကြေညာခဲ့ပါပြီ။

မဲစာရင်းသွားကြည့်ကြပါ

၂၀-၉-၂၀၁၀ရက်နေ့က ကြေညာခဲ့တဲ့ မဲစာရင်းတွေကို ပြည်သူတွေက သွားကြည့်ဖို့လိုပါတယ်။ မိမိရဲ့ အမှတ်စဉ်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ မိဘအမည်၊ နေရပ်လိပ်စာမှန်၊ မမှန်၊ မိမိအမည်ပါ၊ မပါ သွားကြည့်ကြပါ။ ပါရင်တော့ အမှတ်စဉ်နံပါတ်ကို မှတ်ထားပါ။ စာရင်းဖော်ပြထားတာကို ပြင်ချင်တယ်၊ ကန့်ကွက်ချင်တယ်ဆိုရင် အဆိုပြုလွှာနဲ့ ကန့်ကွက်လွှာတွေ တင်သွင်းရပါမယ်။

မဲစာရင်းမပါရင် ပုံစံ(၃)နဲ့ စာရင်းထည့်ပေးဖို့ တောင်းဆိုရပါတယ်။ နိုင်ငံခြား၊ ရပ်ခြား မြို့ရွာများကို ရောက်ရှိသူများဖြစ်တဲ့ ရပ်ဝေး တာဝန်ထမ်းဆောင်နေရသူ၊ အလုပ်လုပ်နေသူ၊ ပညာသင်ကြားနေသူများက ရက်ပေါင်း ၁၈၀ ကျော်ကာလ စွန့်ခွာနေထိုင်ကြရင်တော့ မဲစာရင်းမှာထည့်သွင်းစေဖို့ ပုံစံ(၃-က)နဲ့ အဆိုပြုထားရမှာဖြစ်ပါတယ်။ မဲစာရင်းကို ဒေသနှစ်ခုမှာ နှစ်နေရာမပါအောင် သက်ဆိုင်ရာ မူလကော်မရှင်အဖွဲ့ခွဲက ပုံစံ(၃-ခ)နဲ့ စာရင်းကပယ်ဖျက်ပေးဖို့လည်း ဆောင်ရွက်ရပါတယ်။ မဲစာရင်းပါ အချက်အလက်များကို ပြင်ဆင်ချင်ရင်၊ ကန့်ကွက်ချင်ရင်တော့ အဆိုပြုသူက ပုံစံ(၄)ကို တင်သွင်းရပါတယ်။

ဒေသတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့ထွက်ခွာမယ့်သူကတော့ လူဝင်မှုကြီးကြပ်ရေးဌာနက ထုတ်ပေးတဲ့မြို့နယ်ပြောင်းရွှေ့ထွက်ခွာပုံစံ(၁၀)နဲ့အတူ ကော်မရှင်သတ်မှတ်ပုံစံ(၄-က)ကို မဲစာရင်းပါတဲ့နေရာမှာတင်ပြရင် အဲ့ဒီကော်မရှင်အဖွဲ့ခွဲက ပုံစံ(၄-ခ)နဲ့ မဲစာရင်းထုတ်ပယ်ပြီးကြောင်း ထောက်ခံပေးလိုက်ပါ့မယ်။ သူဟာ ပြောင်းရွှေ့တဲ့အရပ်ကိုရောက်တာနဲ့ မှတ်ပုံတင်ဌာနက ထုတ်ပေးတဲ့ပုံစံ (၁၀)ကို သက်ဆိုင်ရာမှတ်ပုံတင်ဌာနကို ပြသ သတင်းပို့ရပါမယ်။ မှတ်ပုံတင်ဌာနက သူနေထိုင်မယ့်ရပ်ကွက်မှာနေဖို့ အိမ်ထောင်စုစာရင်းပုံစံ(၆၆/၆)ကို ထုတ်ပေးတဲ့အခါ မူလရယူခဲ့တဲ့ပုံစံ (၄-ခ)ထောက်ခံချက်နှင့်အတူ သူနေတဲ့ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲကို ပုံစံ (၃-က)နဲ့ မဲစာရင်းထည့်သွင်းပေးဖို့ တောင်းဆိုလွှာကို တင်သွင်းမှ မဲပေးခွင့်ရှိပါမယ်။

ဒါကြောင့် မဲစာရင်းကို သွားကြည့်ဖို့လိုပါတယ်။ ဒါမှလည်း ကိုယ်ဆက်လုပ်စရာရှိတာကို အချိန်မီလုပ်နိုင်ပါမယ်။

ပြည်သူများဟာ ဒီမိုကရေစီအခွင့်အလမ်းများဖြင့် လွှတ်တော်အဆင့်ဆင့်ရဲ့ ကိုယ်စားလှယ်လောင်းတွေကို ရွေးကောက်တင်မြှောက်ပွဲကြီးမှာ တိုင်းပြည်နဲ့လူမျိုး တိုးတက်အောင် ကိုယ်ကျိုးမဖက် စွမ်းဆောင်ကြမယ့် ပြည်သူ့ကိုယ်စားပြုမယ့်သူတွေကို မှန်ကန်စွာ ရွေးချယ်ပေးကြမယ်ဆိုတဲ့ အသိစိတ်ဓာတ်နဲ့ ဒီမိုကရေစီရေးရဲ့ ဦးစွာပထမအစလမ်းလိုက်တဲ့ ခြေလှမ်းကောင်းတစ်လှမ်းကနေ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ထူထောင်ကြမယ့် ခြေလှမ်းထောင်ပေါင်းများစွာနဲ့ နိုင်ငံတော်တိုးတက်ရေးဆီကို မိုင်သိန်းသန်းချီပြီး လှမ်းကြပါစို့။

မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်

ဟုတ်ပါပြီ။ မဲစာရင်းမှာလည်းပါနေပါတယ်။ ဖော်ပြတဲ့အချက်အလက်တွေလည်း မှန်ကန်တယ်ဆိုရင် မိမိမှတ်ပုံတင် လုပ်ပြီးလား?၊ ရပြီးပြီလား?၊ ပျောက်များပျောက်နေသလားကြည့်ပါ။ မှတ်ပုံတင်မရှိရင် မဲမပေးနိုင်မှာဖြစ်လို့ မလုပ်ရသေးရင်၊ ပျောက်နေရင် အမြန်ဆုံးထုတ်ပေးနိုင်အောင် သက်ဆိုင်ရာဌာနက စီစဉ်ဆောင်ရွက်ပေးနေပါတယ်။ အချိန်မမီရင်တောင် ယာယီသက်သေခံလက်မှတ်နဲ့ မဲပေးနိုင်အောင် မှတ်ပုံတင်ကိစ္စကိုလည်း ဆောင်ရွက်ထားကြရပါမယ်။

မြမြင့်မိုရ်(တောင်ကြီး)

ဆန္ဒမဲတိုကင်ပြား

မဲပေးမယ့်ရက်မတိုင်ခင် တစ်ပတ်အလိုမှာတော့ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲက မဲစာရင်းပါအချက်အလက်နဲ့ ရပ်ကွက်အတွင်းရှိ မဲဆန္ဒရှင်တွေကို စိစစ်ပြီးတော့ မဲပေးမယ့်နေ့မှာ တစ်ဦးချင်း အချိန်ယူစစ်ဆေးရင် ကြန့်ကြာမှုမရှိအောင်၊ မဲပေးရာမှာမြန်အောင် အထောက်အကူဖြစ်စေမယ့် တိုကင်ပြားလေးတွေ ကြိုတင်ထုတ်ပေးထားပါလိမ့်မယ်။ တိုကင်ပြားပေါ်မှာတော့ မဲစာရင်းမှာရှိတဲ့ မဲဆန္ဒရှင်ရဲ့ မဲစာရင်းအမှတ်စဉ်ကို ဖော်ပြထားပေးမှာပါ။ သည်တိုကင်ပြားကို မဲပုံးထဲထည့်ဖို့မဟုတ်ပါ။ ရွေးကောက်ပွဲနေ့မှာ မဲရုံကိုရောက်သွားတဲ့အခါ မဲစာရင်းစစ်သူက ထပ်ပြီး တစ်ဦးချင်းစစ်မနေရတော့ဘဲ တိုကင်ပါအမှတ်စဉ်အတိုင်း ပုံစံ(၁)မဲစာရင်းမှာ မဲဆန္ဒရှင်က လက်မှတ်ထိုးပြီး ဆန္ဒမဲလက်မှတ်ကို ထုတ်ယူလိုက်ဖို့ဖြစ်ပါတယ်။ တချို့ရပ်ကွက်တွေမှာ မဲဆန္ဒရှင် သောင်းချီရှိနေပြီး မဲရုံတစ်ရုံကို လူ ၃၀၀၀ ဦးထိ စစ်ဆေးနေရမှာကို မကြန့်ကြာအောင် စီစဉ်ခြင်းဖြစ်ပါတယ်။

ဆန္ဒမဲလက်မှတ်

လွှတ်တော်အသီးသီးမှာ ရွေးချယ်ခံဖို့ အဆိုပြုလွှာတင်သွင်းခဲ့တဲ့ ကိုယ်စားလှယ်လောင်းများကို စိစစ်ပြီး အတည်ပြုခံရသူတွေကို ၁၃-၉-၂၀၁၀ရက်နေ့က သက်ဆိုင်ရာ ဒေသမဲဆန္ဒနယ်အလိုက် ကြော်ငြာခဲ့ပြီးပါပြီ။ သူတို့ အရွေးချယ်ခံဖို့အတွက် ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ရိုက်နှိပ်နေပြီဖြစ်ပါတယ်။

ဆန္ဒမဲလက်မှတ်ပေါ်မှာတော့ သက်ဆိုင်ရာလွှတ်တော်အဆင့်၊ မဲဆန္ဒနယ်ရဲ့ ကိုယ်စားလှယ်လောင်းအမည်၊ သူ့ရဲ့သင်္ကေတအမှတ်အသား(LOGO)နဲ့ နံဘေးမှာ ဆန္ဒပြုအမှန်ခြစ်ရေးသားဖို့ လေးထောင့်ကွက်လေး ဖော်ပြထားမှာဖြစ်ပါတယ်။ လွှတ်တော်တစ်ဆင့်မှာ အရွေးခံမယ့်ကိုယ်စားလှယ်များရင်များသလို နာမည်ကို အက္ခရာစဉ်အလိုက် အထက်အောက်စီပြီး နာမည်နဲ့ယှဉ်တွဲပြီး သူတို့အသုံးပြုမယ့်အသိအမှတ်ပြုပြီးသား သင်္ကေတကို ရိုက်ထားကာ နံဘေးမှာ ဆန္ဒပြုအမှန်ခြစ်ပေးရမယ့်အကွက် ပါရှိမှာဖြစ်ပါတယ်။

ဥပမာ- ကိုယ်စားလှယ်ငါးဦးယှဉ်ရွေးရင် အထက်ကပြောသလို စီထားမှာဖြစ်ပြီး ကိုယ်ကြိုက်နှစ်သက်တဲ့ ကိုယ်စားလှယ်အမည်နဲ့ ဘေးချင်းယှဉ်နေတဲ့ သူ့သင်္ကေတနံဘေးကကွက်လပ်မှာ အမှန်ခြစ်ပြီး ဆန္ဒပြုလိုက်ရမယ့်ကတ်ကို မဲလက်မှတ်လို့ခေါ်တာဖြစ်တယ်။

ဆန္ဒမဲပုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ပြုလုပ်တဲ့ မဲပုံးများဖြစ်ပါတယ်။ နိုင်ငံရေးပါတီကိုယ်စားလှယ်လောင်းတွေက ပြုလုပ်ပြီး မဲပုံးထောင်ကြတာမဟုတ်ပါ။ မဲပုံးများဟာ ၂၀"×၁၄"×၁၂" အရွယ်ရှိတဲ့ ကိုယ်ထည်ရောအဖုံးကိုပါ ပလတ်စတစ်အဖြူရောင်နဲ့ ပြုလုပ်ထားတဲ့ပုံးများ ဖြစ်ပါတယ်။ စာစောင်၊ ဂျာနယ်တွေမှာ ရေးသားဖော်ပြထားတဲ့ အစိမ်းရောင်၊ အပြာရောင်၊ ခရမ်းရောင် မဲပုံးများမဟုတ်ပါဘူး။ အဲ့သည်မဲပုံးအဖြူရောင်များကိုတော့ လွှတ်တော်အဆင့်ဆင့်ကွဲပြားအောင် အဖြူရောင်စက္ကူပေါ်မှာ အရောင်ခွဲခြားထားတဲ့ စာသားများ ရိုက်နှိပ်ကပ်ထားပေးပါတယ်-

- **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မဲပုံး - အစိမ်းရောင်စာလုံး**
- **အမျိုးသားလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်မဲပုံး - အပြာရောင်စာလုံး**
- **တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဆန္ဒမဲပုံး - ခရမ်းရောင်စာလုံး**
- **တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် (သက်ဆိုင်ရာလူမျိုးအမည်) တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်ဆန္ဒမဲပုံး - ခရမ်းရောင်ဘောင်အတွင်း ခရမ်းရောင်စာလုံး**

သည်ဆန္ဒမဲပုံးလေးမျိုးဟာ လွှတ်တော်အဆင့်အလိုက် လျှို့ဝှက်ဆန္ဒပြုခန်းတွေရှေ့မှာ သီးခြားစီ စားပွဲခုံတစ်ခုစီနဲ့ တင်ထားမှာဖြစ်ပါတယ်။

မဲပေးရမည့်နေ့/အချိန်

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက် (၁၃၇၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်)(တနင်္ဂနွေနေ့) နံနက် ၆ နာရီကနေ ညနေ ၄ နာရီအထိမှာ ပြည်သူများဟာ သက်ဆိုင်ရာ မဲရုံအသီးသီးမှာ သွားရောက်ပြီး ဆန္ဒမဲပေးနိုင်ကြပါတယ်။

မဲရုံ

ဆန္ဒမဲပေးမယ့် မဲရုံအများစုကတော့ မိမိတို့နေထိုင်ရာရပ်ကွက်၊ကျေးရွာတွေမှာရှိတဲ့ စာသင်ကျောင်း အဆောက်အအုံများပဲ ဖြစ်ပါတယ်။ ဘာသာရေးနဲ့ပတ်သက်တဲ့ အဆောက်အအုံတွေမှာ မဲရုံမလုပ်ပါဘူး။ မဲပေးမယ့် ပြည်သူတွေရဲ့ ဦးရေပေါ်မူတည်ပြီးတော့ မဲရုံတစ်ရုံမှာ အနည်းဆုံး လူ ၃၀၀ ကနေ ၃၀၀၀ အထိ မဲရုံများကို စီစဉ်ထားရှိပါတယ်။

မဲရုံတစ်ရုံကို မဲရုံပရဝဏ် သတ်မှတ်ထားရှိပြီး ဝင်ပေါက်ထွက်ပေါက် သီးခြားစီ ဖြစ်ပါတယ်။ မဲရုံအတွင်းဝင်သွားရင် လွှတ်တော်အဆင့်(၃)ခုနဲ့ တိုင်းရင်းသားလူမျိုးအတွက် မဲလက်မှတ်ထုတ်ယူရမယ့်နေရာ လေးနေရာခွဲထားပါတယ်။ အဝင်နံရံနဲ့ကပ်လျက်မှာတော့ မဲရုံလုံခြုံရေး၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းကို ကိုယ်စားပြုတဲ့ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်တွေကို နေရာချထားပါတယ်။

သူတို့ရဲ့ရှေ့စားပွဲခုံမှာ မဲစာရင်းစစ်ဆေးသူနဲ့ မဲလက်မှတ်ထုတ်ပေးသူတို့ရှိပါတယ်။ မဲရုံထဲဝင်ပြီးတာနဲ့ မဲစာရင်းစစ်သူထံ မိမိယူထားတဲ့ဆန္ဒမဲတိုကင်ကိုပြရင် မဲစာရင်းပေါ်က မိမိလက်မှတ်ရေးထိုးရမယ့် ပုံစံ(၁)လက်ယာဘက်အစွန်ဆုံး အကွက်မှာ လက်မှတ်ထိုးပြီးရင် ဆန္ဒမဲလက်မှတ်ကို ထုတ်ပေးပါလိမ့်မယ်။ ဦးစွာရရှိမယ့်ဆန္ဒမဲကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကို ဆန္ဒပြုရမယ့်လက်မှတ်ဖြစ်ပါတယ်။

ဆန္ဒမဲလက်မှတ်ထုတ်ပေးသူတွေကို လွန်ရင် ဆန္ဒမဲပုံးပါ၊ မဲလက်မှတ်မထည့်ရသေးပါ၊ မဲပုံးရဲ့အလွန် မဲရုံအခြားတစ်ဖက် နံရံဘက်မှာ လွှတ်တော်အလိုက် လျှို့ဝှက်စွာ ဆန္ဒပြုနိုင်ဖို့ မဲဆန္ဒပြုခန်း(သို့မဟုတ်)နေရာတွေရှိပါမယ်။ ဒါလည်း လူဦးရေပေါ်မူတည်ပြီး သုံးခုကနေ ငါးခုအထိ သုံးဖက်လုံခြုံစွာကာရံထားသောနေရာများ ဖြစ်ပါတယ်။

မဲပေးပုံ

မဲရုံထဲမှာ ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယက အမျိုးသားလွှတ်တော်၊ တတိယက တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်၊ နောက်ဆုံးက တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်စတဲ့ အဆင့်လေးဆင့်အတွက် တစ်နေရာပြီးမှ တစ်နေရာ ဆန္ဒမဲလက်မှတ်ကို ထုတ်ယူကြရပါမယ်။ မဲလက်မှတ်ထုတ်ယူပြီးရင်တော့ လျှို့ဝှက်ဆန္ဒပြုခန်း(သို့မဟုတ်)နေရာထဲဝင်ပြီး မိမိဆန္ဒပြုလိုသူအမည်နဲ့ သင်္ကေတ နံဘေးကယှဉ်လျက် ကွက်လပ်မှာ အမှန်ခြစ်(✔)ခြစ်ပြီးရင် ကိုယ်ဆန္ဒပြုထားတာ လူမမြင်ရအောင် ခေါက်ချိုးခေါက်ပြီးမဲပုံးထဲထည့်ရမှာဖြစ်ပါတယ်။ လွှတ်တော်တစ်ခုနဲ့တစ်ခု မှားစရာအကြောင်းမရှိပါ။ မဲလက်မှတ်ကို တစ်နေရာစီထုတ်ယူဆန္ဒပြုပြီးမှ မဲပုံးထဲထည့်။ ပြီးမှ နောက်လွှတ်တော်အဆင့်က မဲလက်မှတ်ကို ထုတ်ပေးမှာဖြစ်လို့ပါ။

မဲလက်မှတ်ထုတ်ယူတဲ့အခါ ကိုယ့်လက်ပေမပေကြည့်ပါ။ လက်ဗွေနှိပ်ရသူဆိုရင် မင်ပေစရာရှိပါတယ်။ မဲရုံကပေးထားတဲ့အဝတ်နဲ့ စင်ကြယ်အောင်သုတ်ပြီးမှ မဲလက်မှတ်ကိုကိုင်ပါ။ မင်စွန်းပေတဲ့လက်မှတ်ဟာ ပယ်မဲဖြစ်သွားပါမယ်။

မဲပေးရမှာက လွှတ်တော်(၃)ရပ်မို့ သုံးခါပဲမဟုတ်လားလို့ တွေးသူများရှိပါရဲ့။ မဟုတ်ပါ။ လွှတ်တော်သုံးရပ်လုံးမှာ ပါတီအသီးသီးနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်တွေကို မဲပေးကြရမယ့်အပြင် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်( )တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ဆန္ဒမဲပုံးဆိုတာ တစ်ခုရှိပါသေးတယ်။( )တိုင်းရင်းသားလူမျိုးဆိုတာက ကွင်းထဲမှ



မဲဆန္ဒ…
ပြုခြင်း၊ သ…
မဲပုံးထဲထည့်…
အသံချဲ့စက်…
ပြုလုပ်မှုများ…
ထောင်တစ်န…
ချမှတ်ခြင်း…
ပြစ်မှုထင်ရှာ…
လုံးဖြစ်စေ…

သက်ဆိုင်ရာ တိုင်း…
အဲ့ဒီကိုယ်စား…
နိုင်ငံတော်၏ ဖွဲ့စ…
(သို့မဟုတ်)ပြည်နယ်…
ရရှိတဲ့ တိုင်းရင်းသ…
နိုင်ငံတော် လူဦးရေ…
နေထိုင်တဲ့ လူမျိုး…
ရွေးချယ်ခွင့်ပေးထာ…

ဥပမာပြောရရ…
ရခိုင်တိုင်းရင်းသား၊ …
ရှမ်းပြည်နယ်မှာဆို…
အာခါနဲ့ လီဆူးတိုင်း…
အထက် နေထိုင်တဲ့…
တစ်ဦးကို ဆန္ဒမဲပေ…
သက်ဆိုင်ရာတိုင်းရင်…
ဥပမာ- ကချ…
ဗမာ…
ဒါကြောင့် လွှတ…
ဖြစ်ပေမယ့် မဲဆန္ဒရှ…
လေးကြိမ်ဆန္ဒမဲပေး…

ရွေးကောက်ပွဲ…
ကြိုတင်ဆန္ဒမဲပေးနိုင…
ကြီးခံစားနေရသူ၊ …
ခံနေရဆဲ ပြစ်ဒဏ်မ…
မဲစာရင်းရှိရာ အရပ်…
မှာ အမြဲ သို့မဟုတ်…
သွားရောက်နေကြော…
ဌာနနဲ့ ပြည်တွင်း…

မဲဆန္ဒပေးရန်ထားရှိတဲ့ မဲစာရင်းများကို ဆုတ်ဖြဲခြင်း၊ ဆန္ဒမဲလက်မှတ်၊ မဲရုံတို့ကို ဖျက်လိုဖျက်ဆီးပြုခြင်း၊ သူတစ်ပါးအယောင်ဆောင်မဲပေးခြင်း၊ တစ်ကြိမ်ထက်ပိုပြီးမဲပေးခြင်း၊ မဲလက်မှတ်အတုကို မဲပုံးထဲထည့်သွင်းခြင်း၊ ရွေးချယ်ခံသူတို့အား တားဆီးနှောင့်ယှက်ခြင်း၊ မဲရုံမှ ကိုက် ၅၀၀ အတွင်း အသံချဲ့စက်၊ ဆူညံသံများ၊ အော်ဟစ်ခြင်းများပြုခြင်း၊ မဲဆွယ်ခြင်း၊ မဲပေးရန်တိုက်တွန်းခြင်း စတဲ့ ပြုလုပ်မှုများဟာ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများဖြစ်လို့ အရေးယူခံရတယ်ဆိုရင် ပြစ်မှုထင်ရှားသူဟာ ထောင်တစ်နှစ်အထိ ဖြစ်စေ၊ ဒဏ်ငွေ ကျပ်တစ်သိန်းအထိ ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်း ခံရနိုင်ပါတယ်။ အဲ့ဒီပြစ်မှုတွေ ကျူးလွန်နေကြောင်း လိမ်လည်တိုင်တန်းသူတွေကတော့ ပြစ်မှုထင်ရှားစီရင်တဲ့အခါ ထောင်ဒဏ်သုံးနှစ်အထိ ဖြစ်စေ၊ ငွေဒဏ်သုံးသိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရနိုင်တဲ့ ပြစ်မှုတွေဖြစ်တယ်။

သက်ဆိုင်ရာ တိုင်းရင်းသားကို လက်ရေး/စာစီကပ်ပြီး ဖြည့်ပါလိမ့်မယ်။

အဲ့ဒီကိုယ်စားလှယ်ကတော့ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ-၁၆၁ မှာတိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်တစ်ခုအတွင်းမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိတဲ့တိုင်း/ဒေသရရှိတဲ့ တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားများထဲက နိုင်ငံတော် လူဦးရေ၏ သုည ဒသမ ၁ ရာခိုင်နှုန်း (၅၇၀၀၀ခန့်) မှီတင်းနေထိုင်တဲ့ လူမျိုးများအတွက် ကိုယ်စားပြု ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်ခွင့်ပေးထားတာ ဖြစ်ပါတယ်။

ဥပမာပြောရရင် - ရန်ကုန်တိုင်းဒေသကြီးမှာ ကရင်တိုင်းရင်းသားနဲ့ ရခိုင်တိုင်းရင်းသား၊ မန္တလေးတိုင်းဒေသကြီးမှာ ရှမ်းတိုင်းရင်းသား၊ စာရေးသူတို့ ရှမ်းပြည်နယ်မှာဆိုရင် - ဗမာ၊ ကချင်၊ အင်းသား၊ ကယန်း(ပဒေါင်)၊လားဟူ၊ အာခါနဲ့ လီဆူးတိုင်းရင်းသားတို့ဟာ ဒေသအတွင်း သုည ဒသမ ၁ ရာခိုင်နှုန်းအထက် နေထိုင်တဲ့ တိုင်းရင်းသားများဖြစ်လို့ လူမျိုးစုကိုယ်စားလှယ်လောင်း တစ်ဦးကို ဆန္ဒမဲပေးခွင့် သက်ဆိုင်ရာတိုင်းရင်းသားက ရရှိမှာဖြစ်ပါတယ်။ သက်ဆိုင်ရာတိုင်းရင်းသားမဟုတ်ရင်တော့ အဲ့ဒီကိုယ်စားလှယ်ကို မဲမပေးရပါ။

ဥပမာ- ကချင်ဆိုရင် ကချင်တိုင်းရင်းသားဆန္ဒမဲပုံးမှာ ဆန္ဒပြုဖို့ပါ။

ဗမာဆိုရင် ဗမာတိုင်းရင်းသားကိုယ်စားမဲပုံးမှာ ဆန္ဒပြုရပါမယ်။

ဒါကြောင့် လွှတ်တော်သုံးရပ်မှာ သာမန်အားဖြင့် သုံးကြိမ်သာမဲပေးရမှာဖြစ်ပေမယ့် မဲဆန္ဒရှင်ဟာ သတ်မှတ်ထားတဲ့ တိုင်းရင်းသားလူမျိုးဖြစ်နေရင် လေးကြိမ်ဆန္ဒမဲပေးရမှာ ဖြစ်ပါတယ်။

ကြိုတင်ဆန္ဒမဲပေးခြင်း

ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာ မဲရုံကိုသွားပြီး မဲမပေးနိုင်သူများက ကြိုတင်ဆန္ဒမဲပေးနိုင်ပါတယ်။ အသက်အရွယ်ကြီးရင့်သူများ၊ ရောဂါဝေဒနာကြီးခံစားနေရသူ၊ ဆေးရုံတက်ရောက်နေသူ၊ ပြစ်မှုတစ်ရပ်နဲ့ အစစ်အဆေးခံနေရဆဲ ပြစ်ဒဏ်မချမှတ်သေးရတဲ့ ရဲစခန်း/ထောင်တို့မှာ အချုပ်ခံနေရသူ၊ မဲစာရင်းရှိရာ အရပ်ဒေသရဲ့ ပြင်ပအခြားမြို့နယ်/ရပ်ရွာများ၊ ပြည်ပနိုင်ငံများမှာ အမြဲ သို့မဟုတ် ယာယီတာဝန်ထမ်းရွက်သူ၊ အလုပ်အကိုင်၊ ပညာသင်ရန် သွားရောက်နေကြသူများဟာ သက်ဆိုင်ရာနိုင်ငံသံရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ပြည်တွင်းအခြားအရပ်ဒေသမှတစ်ဆင့် မဲစာရင်းရှိရာအရပ်မှာ ကြိုတင်မဲပေးနိုင်ရန် ရပ်ကွက်/ကျေးရွာ/ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ကြိုတင်ဆန္ဒမဲလက်မှတ်များထုတ်ပေးပြီး ဆန္ဒမဲပေးခွင့်ကို ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

ပယ်မဲများ

မဲပုံးထဲထည့်ပြီး မဲပေးတာဖြစ်ဖြစ်၊ ကြိုတင်ဆန္ဒမဲလက်မှတ်နဲ့မဲပေးတာဖြစ်ဖြစ် ဆန္ဒပြုထားတဲ့ မဲလက်မှတ်ဟာ ကော်မရှင်အတည်ပြုထားတဲ့ လက်မှတ်မဟုတ်ရင်၊ မဲရုံမှူးလက်မှတ်မပါရင်၊ ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပိုပြီး ဆန္ဒပြုထားရင်၊ ဆန္ဒပြုတဲ့အမှန်ခြစ်(✔)အမှတ်အသားမပါရင်၊ မထင်ရှားမသေချာရင်၊ မဲလက်မှတ်အတု ဖြစ်နေရင်၊ ဆန္ဒမဲပေးသူကိုသိအောင် အမှတ်အသားလုပ်ထားရင်၊ စုတ်ပြဲနေရင်၊ ဆုတ်ဖြဲထားရင် ပယ်မဲအဖြစ် သတ်မှတ်မှာ ဖြစ်ပါတယ်။

ဆန္ဒမဲများရေတွက်ခြင်း

မဲဆန္ဒရှင်ပြည်သူများဟာ နံနက် ၆ နာရီ မဲရုံဖွင့်လို့ ရောက်လာချိန်မှာ မဲရုံမှာ အသင့်ရောက်ရှိပြီးဖြစ်တဲ့ မဲရုံမှူး၊ မဲရုံတာဝန်ကျများ၊ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များနဲ့ ရွေးကောက်ခံကိုယ်စားလှယ်က ခန့်ထားတဲ့ မဲရုံကိုယ်စားလှယ်များနဲ့ ပြည်သူတွေရှေ့မှောက်မှာ မဲပုံးများအတွင်း ဘာမျှမရှိကြောင်း ပြသပြီး အဖုံးကိုပိတ်ကာ လုံခြုံစေရန် တိပ်ဖြင့်ကပ်ပြီး သတ်မှတ်တဲ့ စားပွဲပေါ် အများမြင်သာတဲ့အနေအထား ချထားမှာဖြစ်ပါတယ်။

မဲဆန္ဒရှင်တွေဟာ ညနေ ၄ နာရီမထိုးမီ အားလုံးမဲပေးပြီးဖြစ်သွားရင် မဲရုံပိတ်လို့ရမှာဖြစ်ပြီး မဲများကိုရေတွက်မှာပါ။ ညနေ ၄ နာရီထိုးအထိ မဲပေးခြင်း မပြီးဆုံးသေးရင်တော့ မဲရုံပရဝဏ်အတွင်း ရောက်ရှိနေသူတွေကို စာရင်းကောက်ပြီး ၎င်းတို့အကုန် မဲပေးခွင့်ပြုပေးမှာဖြစ်ပါတယ်။ ညနေ ၄ နာရီကျော်မှ ရောက်လာသူများကိုတော့ မဲရုံပရဝဏ်အတွင်း ပေးမဝင်တော့ဘဲ ဆန္ဒပြုခွင့်လည်း ပေးမှာမဟုတ်ပါ။

မဲပေးသူများအားလုံး မဲပေးပြီးတာနဲ့ မဲရုံဖွင့်စဉ်ကရှိနေတဲ့ မဲရုံအတွင်း တာဝန်အရ ရောက်ရှိနေသူအားလုံးနဲ့ သက်သေ ၁၀ ဦးခန့်တို့ ရှေ့မှောက်မှာ မဲပုံးများကိုဖွင့်ပြီး ဆန္ဒမဲလက်မှတ်များကို ရေတွက်မှာဖြစ်တယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းရရှိတဲ့မဲကို ပုံစံ (၁၆)၊ ပယ်မဲစာရင်းပုံစံ (၁၇)၊ ကြိုတင်လက်မှတ်ကို ပုံစံ (၁၈) တို့နဲ့ သီးခြားစီရေတွက်ပြုစုကာ ပြည်သူ့ကိုယ်စားလှယ်လောင်းအလိုက် မဲရရှိမှု ဆန္ဒမဲစာရင်းပုံစံ (၁၉) မှာ ရေးသားဖြည့်သွင်းပြီး မဲရုံမှူးက အထက်အဆင့် ကော်မရှင်အဖွဲ့ခွဲဖြစ်တဲ့ ရပ်/ကျေး၊ မြို့နယ်၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲတွေကို ဆင့်ကဲဆင့်ကဲ တင်ပြပြီး တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတွေက ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေအရ ရွေးကောက်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်လောင်းကို လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပေးမှာဖြစ်ပါတယ်။

အချို့သော မဲဆန္ဒနယ်တွေမှာတော့ ရွေးကောက်ပွဲတင်မြှောက်ရန် ယှဉ်ပြိုင်လာတဲ့ကိုယ်စားလှယ်မရှိဘဲ တစ်ဦးတည်းသာရှိပါက ထိုပုဂ္ဂိုလ်ကို လွှတ်တော်ကိုယ်စားလှယ်အဖြစ် အတည်ပြုကြေညာနိုင်ရန် ဆောင်ရွက်ရပါတယ်။ ဒီလိုကိုယ်စားလှယ်တစ်ဦးသာ အရွေးခံတဲ့ မဲဆန္ဒနယ်မှာ သူ့အတွက် မဲပုံးထားရန်မလိုဘဲ၊ ဆန္ဒမဲပေးရန်လည်းမလိုဘဲ ကိုယ်စားလှယ်အဖြစ် ကြေညာရုံသာရှိပါမယ်။

မဲပေးရာ သတိပြုစရာ

မဲလက်မှတ်ထုတ်ယူစဉ် မိမိလက်စင်ကြယ်စေရန်၊ ဆန္ဒပြုချိန်၌လည်း မဲလက်မှတ်ပေစွန်းထင်းမှုမရှိစေရန်၊ မဲရုံမှူးလက်မှတ်ပါ၊ မပါ၊ စွန်းထင်းစုတ်ပြဲနေသော မဲလက်မှတ်မဖြစ်စေရန်၊ ဆန္ဒပြုရာတွင်လည်း မိမိနှစ်သက်သူ ကိုယ်စားလှယ်လောင်းအမည်၊ သင်္ကေတ နံဘေး၌သာ အမှန်ခြစ်ပြု၍ ဆန္ဒပြုရန်၊ မဲလက်မှတ်ပေါ်၌ မည်သည့်အမှတ်အသားစာကိုမျှ ရေးမှတ်ခြင်းမပြုရန်၊ မဲပုံးအတွင်းထည့်မည့် ဆန္ဒမဲလက်မှတ်ကို ခေါက်ချိုးပြုရာ၌ စုတ်ပြဲမသွားစေရန်၊ အထပ်ထပ်ခေါက်ချိုးခြင်းမပြုရန်၊ မဲပုံးထဲထည့်ချိန်တွင် ထိငြိမိပြီး မဲလက်မှတ် စုတ်ပြဲမသွားစေရန် အစစသတိရှိရှိ ဆောင်ရွက်သင့်ပါတယ်။

ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ

မဲဆန္ဒပေးရန်ထားရှိတဲ့ မဲစာရင်းများကို ဆုတ်ဖြဲခြင်း၊ ဆန္ဒမဲလက်မှတ်၊ မဲရုံတို့ကို ဖျက်လိုဖျက်ဆီးပြုခြင်း၊ သူတစ်ပါးအယောင်ဆောင် မဲပေးခြင်း၊ တစ်ကြိမ်ထက်ပိုပြီးမဲပေးခြင်း၊ မဲလက်မှတ်အတုကို မဲပုံးထဲထည့်သွင်းခြင်း၊ ရွေးချယ်ခံသူတို့အား တားဆီးနှောင့်ယှက်ခြင်း၊ မဲရုံမှ ကိုက် ၅၀၀ အတွင်း အသံချဲ့စက်၊ ဆူညံသံများ၊ အော်ဟစ်ခြင်းများပြုခြင်း၊ မဲဆွယ်ခြင်း၊ မဲပေးရန် တိုက်တွန်းခြင်း စတဲ့ ပြုလုပ်မှုများဟာ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများဖြစ်လို့ အရေးယူခံရတယ်ဆိုရင် ပြစ်မှုထင်ရှားသူဟာ ထောင်တစ်နှစ်အထိ ဖြစ်စေ၊ ဒဏ်ငွေ ကျပ်တစ်သိန်းအထိ ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်း ခံရနိုင်ပါတယ်။ အဲ့ဒီပြစ်မှုတွေ ကျူးလွန်နေကြောင်း လိမ်လည်တိုင်တန်းသူတွေကတော့ ပြစ်မှုထင်ရှားစီရင်တဲ့အခါ ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရနိုင်တဲ့ ပြစ်မှုတွေဖြစ်တယ်။

တရားမဲ့ပြုကျင့်မှုများ

ဆန္ဒမဲပေးခြင်းအတွက် လာဘ်ပေးလာဘ်ယူပြုမှု၊ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများကို နှောင့်ယှက်မှု၊ အယောင်ဆောင်ပြီး မဟုတ်မမှန် ကြေညာလက်မှတ်ရေးထိုးခြင်း၊ ပုံနှိပ်ထုတ်ဝေခွင့် မရှိဘဲ အကျိုးဖြစ်အောင် သို့မဟုတ် အကျိုးယုတ်အောင် ရေးသားထုတ်ဝေခြင်း၊ မဲလက်မှတ်ကို မဲပုံးထဲ မထည့်ဘဲ ပြင်ပကိုယူသွားခြင်း၊ ဆုတ်ဖြဲပြီး မဲပုံးထဲထည့်ခြင်း၊ မဲမပေးနိုင်အောင် လှုံ့ဆော်ခြင်းများဟာ ရွေးကောက်ပွဲနှင့်ပတ်သက်တဲ့ တရားမဲ့ပြုကျင့်မှုတွေဖြစ်လို့ ရှောင်ကြဉ်ရမယ့် အချက်များဖြစ်တယ်။

နိဂုံး

ဤသို့ဖြင့် ပြည်သူများဟာ ဒီမိုကရေစီအခွင့်အလမ်းများဖြင့် လွှတ်တော်အဆင့်ဆင့်ရဲ့ ကိုယ်စားလှယ်လောင်းတွေကို ရွေးကောက်တင်မြှောက်ပွဲကြီးမှာ တိုင်းပြည်နဲ့ လူမျိုးတိုးတက်အောင် ကိုယ်ကျိုးမဖက် စွမ်းဆောင်ကြမယ့် ပြည်သူ့ကိုယ်စားပြုမယ့်သူတွေကို မှန်ကန်စွာ ရွေးချယ်ပေးကြမယ်ဆိုတဲ့ အသိစိတ်ဓာတ်နဲ့ ဒီမိုကရေစီရေးရဲ့ ဦးစွာပထမအစ လှမ်းလိုက်တဲ့ ခြေလှမ်းကောင်းတစ်လှမ်းကနေ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို ထူထောင်ကြမယ့် ခြေလှမ်းထောင်ပေါင်းများစွာနဲ့ နိုင်ငံတော် တိုးတက်ရေးဆီကို မိုင်သိန်းသန်းချီပြီး လှမ်းကြပါစို့လို့ နှိုးဆော်ရင်း -

"ပြည်သူတွေက သည်အချိန်အခါ၊
ပါဝင်ဆင်နွှဲပါ
ဒီမိုကရေစီနိုင်ငံသစ်ဆီကိုသာ
ဆန္ဒမဲပေးကြစို့ဗျာ"- လို့ ဆိုလိုက်ပါရစေ။ ။

မဲပေးကြစို့

သမိုင်းတွင် သည်တစ်ခေတ်
ထွန်းသစ်မည့် ချိန်ခါ။
နှစ်သက်ရာ ကိုယ်တိုင်ရွေးလို့
မဲပေးကြမှာ။
အနာဂတ် ပြည်မြန်မာ
ဤသည်မှာ အစ။
ဒီမိုကရေစီ နိုင်ငံသစ်
ဖွင့်လှစ်မည်ပ။

ဖွဲ့စည်းပုံ ဥပဒေသစ်
တည်ဖြစ်ခဲ့ သဘောညီ။
ပြည်ထောင်နေ ညီနောင်ရင်းတို့
ချစ်ခြင်းခိုင်ကျည်။
အနာဂတ် နိုင်ငံဆီ
မခွဲပြီ အတူသွား။
နောင်ညီဆွေ ယခင်ရေးထက်
ရေးခွင့်တွေများ။

ဒို့နိုင်ငံ ဒို့အရေး
ရွေးနိုင်ကြ ကိုယ်စီ။
လွတ်လပ်စွာ လမ်းဖွင့်ထား
များမကြာမီ။
အဖျက်သမားတို့ ဟစ်သံညီ
မဲရုံဆီ မသွားဖို့။
အတွေးမမှားပြီ
အလေးထားမည် သည်တစ်ခါတော့
ညီတညာ ပြည်ရွာအရေးမှာ
(ဆွေတို့ရေ . . .)
မဲပေးကြစို့ ။ ။

မောင်စိမ်းနောင် (လယ်ဝေး)

အီရတ်စစ်ပွဲဆိုင်ရာလျှို့ဝှက်မှတ်တမ်း ၄၀၀၀၀၀နီးပါး ဝီကီလိခ်စ် ထုတ်ပြန်

စစ်ပွဲကာလအတွင်း အရပ်သားသေဆုံးမှု တရားဝင်ထုတ်ပြန်သည်ထက် ပိုများဟုဆို

ဝါရှင်တန် အောက်တိုဘာ ၂၃

ယခင်က ကြားဖူးခြင်း၊ ပြင်ဆင်တည်းဖြတ်ခြင်းများ မလုပ်ရသေးသော အီရတ်စစ်ပွဲဆိုင်ရာ လျှို့ဝှက်မှတ်တမ်း မှတ်ရာပေါင်း ၄၀၀၀၀၀ခန့်ကို ဝီကီလိခ်စ်အင်တာနက်ဝန်ဆောင်မှုက အောက်တိုဘာ ၂၂ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ သမိုင်းတစ်လျှောက်အကြီးကျယ်ဆုံး သတင်းပေါက်ကြားမှုအဖြစ် သတ်မှတ်နိုင်သော ဝီကီလိခ်စ်က ထုတ်ပြန်သည့် အီရတ်စစ်ပွဲမှတ်တမ်းများတွင် အီရတ်နိုင်ငံကို အမေရိကန်တပ်များ ကျူးကျော်ဝင်ရောက်ခဲ့သော ၂၀၀၃ခုနှစ်မှစ၍သေဆုံးခဲ့ရသော အီရတ်အရပ်သားဦးရေသည် ယခင်တရားဝင်ထုတ်ပြန်ခဲ့သည်ထက် ပိုများကြောင်း ဖော်ပြထားသည်။

ဝီကီလိခ်စ်က ထုတ်ပြန်သော အီရတ်စစ်ပွဲမှတ်တမ်းများတွင် အီရတ်စစ်ပွဲအတွင်း အရပ်သား ၁၂၂၀၀၀ သေဆုံးခဲ့ကြောင်း၊ ယင်းတို့ထဲတွင် လူမသိသူမသိသေဆုံးခဲ့ရသူ ၁၅၀၀၀ကိုလည်း ဖော်ထုတ်ထည့်သွင်းထားကြောင်း ဖော်ပြထားသည်။

ဝီကီလိခ်စ်မှတ်တမ်းများတွင် ပါဝင်သော စစ်အတွင်း အီရတ်အရပ်သားများ သေဆုံးမှုအရေအတွက်ကို ဗြိတိန်အခြေစိုက် သုတေသနအုပ်စုတစ်ခုက ကောက်ယူခဲ့သည်ဟု ဆိုသည်။ အမေရိကန်အဖွဲ့တစ်ဖွဲ့၏ စာရင်းများအရဆိုပါက ၂၀၀၄ ခုနှစ် ဇန်နဝါရီလမှ၂၀၀၈ခုနှစ် ဩဂုတ်လအထိ အီရတ်နိုင်ငံတွင် အရပ်သား ၇၇၀၀၀ သေဆုံးခဲ့ရသည်ဟု ဆိုသည်။

ဝီကီလိခ်စ်က လွှင့်တင်ခဲ့သော အီရတ်စစ်ပွဲ လျှို့ဝှက်မှတ်တမ်းများသည် ၃၉၁၈၃၁စုံရှိပြီး ၂၀၀၄ခုနှစ် နှစ်စပိုင်းမှ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ အီရတ်စစ်မြေပြင်ရောက် အရာထမ်း၊ အမှုထမ်းများ၏ အတွေ့အကြုံများကိုဖော်ပြထားသည်။ **အေပီ။**

မောင်းသူမဲ့လေယာဉ်စစ်ဆင်ရေးများတိုးမြှင့်မှု အယ်လ်ခိုင်ဒါအတွက်ထိုးနှက်ချက်ဖြစ်

ကဘူး အောက်တိုဘာ ၂၃

အာဖဂန်နစ္စတန်နယ်စပ်အနီး ပါကစ္စတန်လူမျိုးစုဒေသများတွင် ခိုအောင်းနေသော အယ်လ်ခိုင်ဒါများအတွက် အမေရိကန်၏ မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုများသည် ထိရောက်သော ထိုးနှက်ချက်ဖြစ်ကြောင်း အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၂၂ရက်က သတင်းများတွင် ဖော်ပြ သည်။

အမေရိကန်သမ္မတ ဘာရတ်အိုဘားမား၏ ပုဂ္ဂိုလ်ရေးအရ ထောက်ခံမှုဖြင့် ပါကစ္စတန်နယ်မြေအတွင်းရှိ အယ်လ်ခိုင်ဒါများကို တိုက်ခိုက်ရန် မောင်းသူမဲ့လေယာဉ် စစ်ဆင်ရေးများကို တိုးချဲ့ခဲ့ပြီး လေယာဉ်စင်းရေကိုလည်း အင်အားဖြည့်တင်းခဲ့ကြောင်း စီအိုင်အေညွှန်ကြားရေးမှူး လီယွန်ပါနက်တာက ထုတ်ဖော်ပြောကြားသည်။

သို့ရာတွင် မောင်းသူမဲ့လေယာဉ်များ မည်မျှတိုးမြှင့်ဖြန့်ကြက်ခဲ့သည်ဆိုသည်ကို လီယွန်ပါနက်တာက ထည့်သွင်းပြောကြားခြင်း မရှိပေ။

မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများသည် အချုပ်အခြာအာဏာကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံသားများက ယူဆကြရာ မောင်းသူမဲ့လေယာဉ်များ အသုံးပြုခြင်းကို အမေရိကန်နိုင်ငံအနေဖြင့် တိုက်ရိုက်ကိုင်တွယ်ခြင်းမရှိဘဲ စီအိုင်အေထောက်လှမ်းရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သည်။

ယခုနှစ်အတွင်း စီအိုင်အေသည် ပါကစ္စတန်ပိုင်နက်အတွင်း မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုများကို (၈၈)ကြိမ်အထိလုပ်ဆောင်ခဲ့သည်။ ပါကစ္စတန်နယ်စပ်၌ မောင်းသူမဲ့လေယာဉ်စစ်ဆင်ရေးများကို တိုးမြှင့်လုပ်ဆောင်လာသည်နှင့်အမျှ ယင်းဒေသများမှ တာလီဘန်နှင့် အယ်လ်ခိုင်ဒါ ခေါင်းဆောင်အချို့သည် ကရာချိမြို့နှင့် အခြားဒေသများသို့ သွားရောက်ခိုလှုံနေကြသည်ဟုယုံကြည်ရသည်။

ဒေးလီးတယ်လီဂရပ်။

စစ်ဆင်ရေးထွက်ရန် အသင့်ပြင်ဆင်နေသော အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ် ရှာမင်းမြို့၌ တိုင်ဖွန်းမုန်တိုင်း "မီဂီ" တိုက်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့ရသော အပျက်အစီးများကို အောက်တိုဘာ ၂၃ ရက်က တွေ့ရစဉ်။

တရုတ်နိုင်ငံအရှေ့တောင်ပိုင်း မီဂီ မုန်တိုင်း ဝင်ရောက်၍ လူ ၂၇၀၀၀၀ကျော်ရွှေ့ပြောင်းရ

ပေကျင်း အောက်တိုဘာ ၂၃

တိုင်ဖွန်းမုန်တိုင်း "မီဂီ"သည်ဖိလစ်ပိုင်နိုင်ငံနှင့် တရုတ်(တိုင်ပေ)ကျွန်းတို့ကို မွှေနှောက်တိုက်ခတ်ပြီးနောက် စနေနေ့တွင် တရုတ်နိုင်ငံအရှေ့တောင်ပိုင်းကို ဝင်ရောက်ခဲ့ရာ လူဦးရေ ၂၇၀၀၀၀ကျော်ကို နေရာရွှေ့ပြောင်းပေးခဲ့ပြီး လေယာဉ်ခရီးစဉ် ၇၉ခုကို ဖျက်သိမ်းခဲ့ရသည်။

ယခုနှစ်အတွင်း တရုတ်နိုင်ငံကို ၁၃ခုမြောက် မုန်တိုင်းအဖြစ် တိုက်ခတ်သည့် တိုင်ဖွန်းမုန်တိုင်း "မီဂီ" သည် စနေနေ့ညနေပိုင်းတွင် ဖူကျန့်ပြည်နယ် ကျန်ကျိုးမြို့သို့ ဝင်ရောက်ခဲ့ရာ လေတိုက်နှုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၄၀ ရှိကြောင်း အာဏာပိုင်များ၏ အဆိုကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

မုန်တိုင်းအန္တရာယ်ကြောင့် ရှာမင်းလေဆိပ်နှင့် ဖူကျန့်လေဆိပ်တို့တွင် စနေနေ့နံနက်ပိုင်းကတည်းက လေယာဉ်ခရီးစဉ် ၇၉ခုကို ဖျက်သိမ်းခဲ့သည်။ တရုတ်နိုင်ငံတောင်ပိုင်းတွင် အနှစ် ၂၀အတွင်း အပြင်းထန်ဆုံး တိုင်ဖွန်းမုန်တိုင်း "မီဂီ" တိုက်ခတ်မည်ဟု မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ပြီးနောက် ငါးဖမ်းသင်္ဘောများကို ပင်လယ်ပြင်မှ ခေါ်ယူခဲ့သည်ဟု ဆိုသည်။

ပင်လယ်ကမ်းရိုးတန်းဒေသများတွင် နှစ်ပေါင်း ၂၀၀အတွင်း ဒီရေအမြင့်ဆုံးတက်ရောက်မှုနှင့် ကြုံတွေ့နိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။

အင်တာနက်။

သောင်တင်နေသော နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော ပြန်လည်လွတ်မြောက်

လန်ဒန် အောက်တိုဘာ ၂၃

စကော့တလန် ကမ်းရိုးတန်းကမ်းလွန်တွင် သောင်တင်ခဲ့သော ဗြိတိန်ရေတပ်မှ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော အိတ်ချ်အမ်အက်စ်အက်စ်ကျုသည် အောက်တိုဘာ ၂၂ရက် နှောင်းပိုင်းတွင် သောင်တင်ရာမှလွတ်မြောက်ခဲ့ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကျောက်ခုံနှင့်ငြိ

မီတာ ၁၀၀ အလျားရှိသော အက်စ်ကျုရေငုပ်သင်္ဘောသည် စကော့တလန်နိုင်ငံ အနောက်ဘက် ကမ်းရိုးတန်းကမ်းလွန်ရှိ စကေးကျွန်းအနီး ကျောက်ခုံနှင့်ငြိကာ သောင်တင်ခဲ့ခြင်းဖြစ်သည်။ ယင်းရေငုပ်သင်္ဘောကို ဗြိတိသျှရေတပ်မှ သင်္ဘောများက ဒီရေမြင့်ချိန်တွင် ရေနက်ပိုင်းသို့ ဆွဲထုတ်ခဲ့ကြောင်း သိရသည်။

ပေါင်ငွေ တစ်ဘီလီယံတန်ဖိုးရှိ အိတ်ချ်အမ်အက်စ်အက်စ်ကျုရေငုပ်သင်္ဘောသည် ဗြိတိန်၏ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော၁၁စင်းအနက်တစ်စင်းဖြစ်ပြီး ၂၀၀၇ခုနှစ်တွင် ရေတပ်တာဝန်များ စတင်ထမ်းဆောင်ခဲ့သည်။

အဆိုပါ ရေငုပ်သင်္ဘောသောင်တင်ရခြင်းအကြောင်းကို စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ **အေပီ။**

လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ကြုံနေရသည့် ...

ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများ ဖျက်သိမ်းရန်ဆုံးဖြတ်မှုကြောင့် အာဖဂန်မှ ကုမ္ပဏီများ စီမံကိန်းများပယ်ဖျက်

ကဘူး အောက်တိုဘာ ၂၃ - ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများကို ဖျက်သိမ်းမည့် သမ္မတဟာမစ်ကာဇိုင်း၏ ဆုံးဖြတ်ချက်ကြောင့် အာဖဂန်နစ္စတန်ဖွံ့ဖြိုးရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော ကုမ္ပဏီများသည် ဒေါ်လာသန်းပေါင်းများစွာတန်သော စီမံကိန်းများကို ပယ်ဖျက်ခဲ့ကြောင်း အောက်တိုဘာ ၂၂ရက် သတင်းများတွင် ဖော်ပြသည်။

ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီများ၏ အကာအကွယ်မရှိပါက အာဖဂန်နစ္စတန်တွင် လုပ်ငန်းများလုပ်ဆောင်နေသော ကုမ္ပဏီများအတွက် လုံခြုံရေးအာမခံချက်မရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းသို့ ကုမ္ပဏီများ ရုပ်သိမ်းမှုကြောင့် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရှိသည့် အာဖဂန်နစ္စတန် ပြန်လည်တည်ဆောက်ရေး စီမံကိန်းများမှာ ပျက်စီးရမည့်ကိန်း ကြုံနေရကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်ဒေါ်လာ ၂၁ သန်းတန်သော ပြန်လည်တည်ဆောက်ရေး စီမံကိန်းများကို ပယ်ဖျက်ရန်ရည်ရွယ်ထားကြောင်း အာဖဂန်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်သည့် ကုမ္ပဏီတစ်ခုဖြစ်သော ဒီအေအိုင်ကုမ္ပဏီက ဆိုသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီများမှ ဝန်ထမ်းထောင်ပေါင်းများစွာတို့သည် စစ်စခန်းများ၊ နိုင်ငံခြားသံရုံးများမှစ၍ ဖွံ့ဖြိုးရေးစီမံကိန်းများအထိ အရေးကြီးသောနေရာများတွင် လုံခြုံရေးတာဝန်များ ယူထားရသည်။ **ဒေးလီးတယ်လီဂရပ်။**



လျှောင်ဒုက္ခသည်များရှိရာ ပေါ်တိုပရင့်စ်မြို့တော်သို့ ဝမ်းရောဂါကူးစက်မည်ကို စိုးရိမ်ရ

ပေါ်တိုပရင့်စ် အောက်တိုဘာ ၂၃

ဇန်နဝါရီ ၁၂ရက်က မြေငလျင်ကပ်ဆိုးနှင့် ရင်ဆိုင်ရပြီးနောက်ပိုင်းဟေတီနိုင်ငံသည် အဆိုးရွားဆုံးအမျိုးသားကျန်းမာရေးပြဿနာအဖြစ် ဝမ်းရောဂါကူးစက်ပျံ့နှံ့မှုနှင့် ရင်ဆိုင်နေရကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

စနေနေ့စောစောပိုင်းသတင်းများအရ ဝမ်းရောဂါဖြစ်ပွားမှုကြောင့် ဟေတီနိုင်ငံသား ၂၀၀ နီးပါး အသက်ဆုံးရှုံးခဲ့ရပြီး လူ ၂၀၀၀ ကျော်မှာ ဆေးကုသမှုခံယူနေရကြောင်း သိရသည်။ ငလျင်ဒုက္ခသည် ထောင်ပေါင်းများစွာတို့၏ ဒုက္ခသည် စခန်းများတည်ရှိရာ ပေါ်တိုပရင့်စ်မြို့တော်အတွင်းသို့ ဝမ်းရောဂါကူးစက်လာမည်ကို ဟေတီအာဏာပိုင်များက စိုးရိမ်ပူပန်နေကြသည်။ ပေါ်တိုပရင့်စ်မြို့တော်သည် ငလျင်ဒုက္ခသည်များ အပါအဝင် လူဦးရေ ၂ ဒသမ ၄ သန်းကို လက်ခံထားရပြီး အများစုမှာ ကျန်းမာရေးနှင့် မလျော်ညီသော အခြေအနေတွင် နေထိုင်ကြသည်။

ဟေတီနိုင်ငံအတွင်း ဖြစ်ပွားနေသောဝမ်းရောဂါကြောင့် ၁၉၄ ဦး သေဆုံးခဲ့ပြီး ၂၃၆၄ ဦးမှာ ဆေးကုသမှုခံယူရဆဲဖြစ်ကြောင်း ဟေတီကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။ **အေပီ။**

နိုင်းမြစ်ရေပိုင်ဆိုင်မှုပြဿနာ အာဖရိကနိုင်ငံများအကြား အချေအတင်ဖြစ်

ကိုင်ရို အောက်တိုဘာ ၂၃

နိုင်းမြစ်ရေပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ အာဖရိကနိုင်ငံများအကြား အချေအတင်ငြင်းခုံမှုများဖြစ်ပွားလျက်ရှိကြောင်း အောက်တိုဘာ ၂၂ ရက်သတင်းများတွင်ဖော်ပြထားသည်။

နိုင်းမြစ် မြစ်ညာပိုင်းရှိ အာဖရိကနိုင်ငံများ၏ မြစ်ရေပိုင်ဆိုင်မှုဆိုင်ရာ တောင်းဆိုမှုများသည် အီဂျစ်နှင့်ဆူဒန်နိုင်ငံတို့ကို ဦးစားပေး၍နိုင်းမြစ်ရေသုံးစွဲခွင့်ပြုထားသည့် စာချုပ်စာတမ်းများကိုစိန်ခေါ်လာကြောင်း သတင်းများအရသိရသည်။

ကမ္ဘာပေါ်တွင် အဆင်းရဲဆုံးနိုင်ငံဖြစ်သော အီသီယိုးပီးယားနိုင်ငံသည် နိုင်းမြစ်ရေကို အဖိုးတန်သယံဇာတအဖြစ်ရှုမြင်ထားသည်။ နိုင်းမြစ်ကိုအမှီပြု၍တည်ဆောက်ထားသော ရေအားလျှပ်စစ်စက်ရုံသစ်သည် အီသီယိုးပီးယားနိုင်ငံကို လျှပ်စစ်ဓာတ်အားတင်ပို့ရောင်းချနိုင်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေမည်ဖြစ်သည်။

ယင်းအပြင် ပြီးလုခါနီး ဆည်မြောင်းစနစ်များကြောင့် အီသီယိုးပီးယားနိုင်ငံသည် ယခင်နှစ်များက ကြုံတွေ့ခဲ့ရသော စားနပ်ရိက္ခာပြတ်လပ်မှုများကို အနာဂတ်တွင် ရှောင်ရှားနိုင်မည်ဖြစ်ပြီး ကြိုတင်ခန့်မှန်းရန် ခက်လှသော မိုးရွာသွန်းမှုအပေါ် မှီခိုနေရခြင်းမှ လွတ်ကင်းနိုင်မည်ဖြစ်သည်။ နိုင်းမြစ်ရေ၏ ၈၀ ရာခိုင်နှုန်းသည် အီသီယိုးပီးယားနိုင်ငံမှ မြစ်ဖျားခံသော်လည်း အီဂျစ်နှင့်ဆူဒန်တို့က ကိုလိုနီခေတ်စာချုပ်များကို အသုံးပြု၍ နိုင်းမြစ်ရေကိုတစ်ဖက်သတ်သုံးစွဲနေကြောင်း အီသီယိုးပီးယားနိုင်ငံက စွပ်စွဲသည်။

နိုင်းမြစ်ရေသုံးစွဲမှုနှင့်ပတ်သက်၍ အီဂျစ်၊ ဆူဒန်နှင့် ဗြိတိန်တို့အကြားချုပ်ဆိုခဲ့သောစာချုပ်သည် ခေတ်နှင့် အံဝင်မှုမရှိကြောင်း အီသီယိုးပီးယား ရေအရင်းအမြစ် ကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။ **အင်တာနက်။**

ဆိုင်ကလုန်းမုန်တိုင်း ဂီရိ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အနီးဗဟိုပြုနေ

နေပြည်တော်　　အောက်တိုဘာ　　၂၃

ယမန်နေ့ညက ရခိုင်ကမ်းရိုးတန်းကိုဖြတ်ကျော်ဝင်ရောက်ခဲ့သော အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း ဂီရိသည် ကုန်းတွင်းမုန်တိုင်းအဖြစ် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနေပြီး ယနေ့နံနက် ၃ နာရီခွဲတွင် ကျောက်ဖြူမြို့၏ အရှေ့မြောက်ဘက်မိုင် ၁၀၀ ခန့်အကွာ၊ ကုန်းတွင်းတစ်နေရာ (မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အနီး)တွင် ဗဟိုပြုနေသည်။ အဆိုပါ ကုန်းတွင်းမုန်တိုင်းသည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက် ယနေ့ နံနက်မှ နောက် ၁၂ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

ကုန်းတွင်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အညိုရောင်အဆင့်တွင် ဆက်လက်တည်ရှိနေပြီး မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများသို့ ဦးတည်ရွေ့လျားလျက်ရှိသည်။

ကုန်းတွင်းမုန်တိုင်း၏အရှိန်ကြောင့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် လေတိုက်နှုန်းမှာ တစ်နာရီ မိုင် ၆၀ ခန့်အထိ လေပြင်းများတိုက်ခတ်နိုင်ပြီး နေရာကွက်၍မိုးကြီးနိုင်သည်။

ရခိုင်ကမ်းရိုးတန်တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်များ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ ခန့်တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။　(သတင်းစဉ်)

ကုန်းတွင်းမုန်တိုင်း မုံရွာမြို့၏အရှေ့တောင်ဘက် မြောင်မြို့အနီးဗဟိုပြုနေ

နေပြည်တော်　　အောက်တိုဘာ　　၂၃

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများကို ဖြတ်ကျော်လျက်ရှိသည့် ကုန်းတွင်းမုန်တိုင်းသည် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း မုံရွာမြို့၏ အရှေ့တောင်ဘက်မိုင် ၃၀ ခန့် မြောင်မြို့အနီးတွင် ဆက်လက်ဗဟိုပြုနေသည်။ အဆိုပါ ကုန်းတွင်းမုန်တိုင်းသည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက် ယနေ့ နံနက်မှ နောက် ၁၂ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ တစ်ဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

ကုန်းတွင်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အညိုရောင်အဆင့်တွင် ဆက်လက်တည်ရှိနေပြီး မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများသို့ ဦးတည်ရွေ့လျားလျက်ရှိသည်။

ကုန်းတွင်းမုန်တိုင်း၏အရှိန်ကြောင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် လေတိုက်နှုန်းမှာ တစ်နာရီ မိုင် ၅၀ ခန့်အထိ လေပြင်းများတိုက်ခတ်နိုင်ပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။ မုန်တိုင်းဖြတ်သန်းရာဒေသများတွင် ပြည်တွင်းရေကြောင်းခရီးသွားလာနေသည့် ခရီးသည်တင် သင်္ဘောများ၊ ကုန်တင်သင်္ဘောများအနေဖြင့် လေပြင်းအန္တရာယ်ရှိနိုင်၍ ကမ်းနီး၊ ကမ်းဝေး ခရီးသွားလာခြင်း မပြုသင့်ကြောင်း။

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ ခန့် တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။　(သတင်းစဉ်)

လက်ရှိချန်ပီယံ ရတနာပုံ F.C ကို ခြေစွမ်းပြအနိုင်ယူခဲ့သည့် ရန်ကုန်ယူနိုက်တက်

ရန်ကုန်　　အောက်တိုဘာ　　၂၃

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၂၀)ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်းနှင့် တောင်ကြီးမြို့ရှိ KBZ ကွင်းတို့၌ ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းက ဂိုးပြတ်အနိုင်ရခဲ့ပြီး ကမ္ဘောဇနှင့် Southern Myanmar တို့ တစ်ဂိုးစီ သရေကျသွားသည်။

သုဝဏ္ဏကွင်း
ရန်ကုန်ယူနိုက်တက် - လေးဂိုး
(အိုဘီ-နှစ်ဂိုး၊ လီယိုနာဒိုနှင့် ဒေးဗစ်ဒါရိုချာ)
ရတနာပုံ - တစ်ဂိုး
(အက်စလေ)

ချန်ပီယံဆုအတွက် အရေးပါသည့် ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းမှာ ခြေစွမ်းပြပြီး ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ ထိပ်ဆုံးတွင် ရပ်တည်နေသည့် လက်ရှိ ချန်ပီယံ ရတနာပုံကို အနိုင်ရလျှင် အမှတ်ကွာဟမှု ကျဉ်းမြောင်းနိုင်မည် ဖြစ်၍ ရန်ကုန်ယူနိုက်တက်အသင်းမှာ လူစုံထုတ်ကစားကာ ဂိုးပြတ်အနိုင်ရလဒ် ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက် အသင်းမှာ ယနေ့ပွဲတွင် ဂိုးပြတ်အနိုင်ရရှိခဲ့သောကြောင့် ရမှတ် (၃၈)မှတ်ဖြင့် ချန်ပီယံဆု ဆွတ်ခူးနိုင်ရန် အခွင့်အရေးပိုရှိလာခဲ့ပြီး ရတနာပုံအသင်းမှာ လက်ရှိချန်ပီယံဘွဲ့ ကာကွယ်နိုင်ရန် လက်ကျန်နှစ်ပွဲတွင် ဖိအားဝင်သွားရပြီဖြစ်သည်။ အောက်တိုဘာ ၂၄ ရက်တွင် ယှဉ်ပြိုင်ကစားရမည့်ပွဲတွင် ဇေယျာရွှေမြေအသင်း အနိုင်ရရှိခဲ့ပါက ရတနာပုံအသင်းမှာ ထိပ်ဆုံး နေရာမှ ဖယ်ပေးရတော့မည် ဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းမှာ ပွဲစကတည်းက အချိတ်အဆက် မိမိဖြင့် ကစားနိုင်ခဲ့ပြီး ရတနာပုံဘက်ကို ထိုးဖောက်နိုင်ခဲ့သည်။ ရတနာပုံအသင်းမှာ ယခင်ပွဲများလို ခြေစွမ်းမပြနိုင်၍ ရန်ကုန်အသင်းကို မယှဉ်နိုင်ခဲ့ပေ။ ၂၈ မိနစ်တွင် ရန်ကုန်အသင်းဂိုးရခဲ့ပြီး မျိုးမင်းထွန်း၏ ဖြတ်တင်ဘောမှတစ်ဆင့် လီယိုနာဒိုက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်ကစားပုံ ပိုကောင်းလာပြီး ၃၃ မိနစ်တွင် အိုဘီ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဒေးဗစ်ဒါရိုချာက မြေမကျကန်သွင်းခဲ့သဖြင့် ရန်ကုန်အသင်း ဒုတိယဂိုး ထပ်မံရရှိသွားသည်။

ဒုတိယပိုင်းတွင်လည်း ရန်ကုန်ယူနိုက်တက်အသင်းကသာ ပွဲကိုဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး ၅၂ မိနစ်တွင် အိုဘီက တတိယဂိုး ထပ်မံသွင်းယူခဲ့သလို မိနစ် ၉၀ တွင်လည်း ၎င်းကပင် စတုတ္ထဂိုးသွင်းယူခဲ့သည်။ မိနစ် ၇၀ နောက်ပိုင်းမှ ရတနာပုံအသင်း ကစားပုံပြန်ကောင်းလာပြီး နှစ်သိမ့်ဂိုးကို ၇၄ မိနစ်တွင် တိုက်စစ်မှူး အက်စလေက သွင်းယူခဲ့သည်။ ပွဲပြီးခါနီးတွင် နှစ်ဖက်ကစားသမားများ အချင်းများခဲ့ပြီး ရတနာပုံမှ ရန်ပိုင်နှင့် ချစ်စမ်းမောင်၊ ရန်ကုန်မှ အောင်သိုက်နှင့် နိုင်ဦးလွင်တို့ တိုက်ရိုက်အနီကတ်များဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

ရန်ကုန်ယူနိုက်တက်အတွက် ပထမဂိုးကို လီယိုနာဒို ခေါင်းတိုက်သွင်းယူစဉ်။　(ကြေးမုံ)

KBZ ကွင်း
ကမ္ဘောဇ - တစ်ဂိုး
(အောင်ကျော်ဦး)
Southern Myanmar - တစ်ဂိုး
(ထွန်းမင်းနိုင်)

ယနေ့ပွဲ
မုံရွာကွင်း
ဇေယျာရွှေမြေအသင်း-မကွေးအသင်း
သုဝဏ္ဏကွင်း
မနောမြေအသင်း-နေပြည်တော်အသင်း
(ကြေးမုံ)

မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက် မိုးကြီးနိုင်

နေပြည်တော်　　အောက်တိုဘာ　　၂၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** တပ်ကုန်းမြို့နယ်တွင် သုည ဒသမ ၇၉ လက်မ၊ ကျောက်ဖြူမြို့တွင် ၁၃ ဒသမ ၅၄ လက်မ၊ မင်းကင်းမြို့တွင် ၉ ဒသမ ၁၃ လက်မ၊ မင်းတပ်မြို့တွင် ၇ ဒသမ ၄၄ လက်မ၊ အမ်းမြို့တွင် ၇ ဒသမ ၁၇ လက်မ၊ ကျောက်ထုမြို့တွင် ၆ ဒသမ ၂၈ လက်မ၊ ပေါက်မြို့တွင် ၅ ဒသမ ၅၉ လက်မ၊ ဆောမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ ထီးလင်းမြို့တွင် ၃ ဒသမ ၂၁ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ချောက်မြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ဟားခါးမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ မုံရွာမြို့တွင် ၁ ဒသမ ၆၉ လက်မနှင့် ပခုက္ကူမြို့တွင် ၁ ဒသမ ၀၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယမန်နေ့မြန်မာစံတော်ချိန် ည ၁၀ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း ဂီရိ (GIRI) သည် ရခိုင်ကမ်းရိုးတန်းကို ကျောက်ဖြူမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ရောက်ရှိနေသော ကုန်းတွင်းမုန်တိုင်းသည် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ အားပျော့ကာ ဘုတလင်မြို့အနီးတွင် ဗဟိုပြုနေသည်။ အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက် ယနေ့မွန်းလွဲမှ နောက် ၁၂ နာရီအတွင်း တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

အောက်တိုဘာ ၂၄ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက် မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုလာနိုင်သည်။

ကုန်းတွင်းမုန်တိုင်း ဘုတလင်မြို့အနီးဗဟိုပြုနေ၊ ယနေ့မွန်းလွဲမှ နောက် ၁၂ နာရီအတွင်း တဖြည်းဖြည်း အားလျော့သွားမည်

နေပြည်တော်　　အောက်တိုဘာ　　၂၃

ယနေ့ မွန်းလွဲ ၁၂ နာရီအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများကို ဖြတ်ကျော်လျက်ရှိသည့် ကုန်းတွင်းမုန်တိုင်းသည် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့ကာစစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း ဘုတလင်မြို့အနီးတွင် ဗဟိုပြုနေသည်။ အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက် ယနေ့ မွန်းလွဲမှ နောက် ၁၂ နာရီအတွင်း တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

ကုန်းတွင်းမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အညိုရောင်အဆင့်တွင် ဆက်လက်တည်ရှိနေပြီး မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများမှ အရှေ့မြောက်ဘက်သို့ ဦးတည်ရွေ့လျားလျက်ရှိသည်။

ကုန်းတွင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် လေတိုက်နှုန်းမှာ တစ်နာရီ မိုင် ၄၀ ခန့်အထိ လေပြင်းများတိုက်ခတ်နိုင်ပြီး ဒေသအလိုက်မိုးကြီးနိုင်သည်။ မုန်တိုင်းဖြတ်သန်းရာဒေသများတွင် ပြည်တွင်းရေကြောင်းခရီးသွားလာနေသည့် ခရီးသည်တင် သင်္ဘောများ၊ ကုန်တင်သင်္ဘောများအနေဖြင့် လေပြင်းအန္တရာယ်ကြုံတွေ့နိုင်မည်ဖြစ်၍ ကမ်းနီး၊ ကမ်းဝေးခရီးသွားလာခြင်း မပြုသင့်ကြောင်း၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ ခန့်တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။　(သတင်းစဉ်)

လမ်းမီးများ လဲလှယ်တပ်ဆင်

ငါန်းဇွန်　　အောက်တိုဘာ　၂၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် မြို့ပေါ်ရပ်ကွက်ရှိ လမ်းမီးများ လဲလှယ်တပ်ဆင်ခြင်းကို အောက်တိုဘာ ၁၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် ဦးဝင်းဗိုလ်နှင့် ဝန်ထမ်းများ၊ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများနှင့် မြို့ပေါ်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

နိုင် ငံ တ ကာ အား က စား သ တင်း

ဝှိုက်ဟတ်လိန်းမှာ စပါး- အဲဗာတန် သရေပွဲဖြစ်

လန်ဒန်　　အောက်တိုဘာ　　၂၃

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ်(၉) ပထမနေ့ပွဲစဉ်များရဲ့ အစောပိုင်းပွဲစဉ်အဖြစ် စပါးအသင်းနဲ့ အဲဗာတန်အသင်းတို့ ဝှိုက်ဟတ်လိန်းမှာ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားပါတယ်။

အိမ်ရှင်စပါးအသင်းမှာ ဂိုမက်စ်၊ အီကော့တို၊ ကာဘူး၊ ဟက်တန်၊ ဂါးလက်စ်၊ ဘေးလ်၊ လင်နွန်၊ ဗန်ဒါဗက်၊ မော့ဒရစ်၊ ပလာစီယို့စ်၊ ပီတာခရော့ချ် တို့နဲ့ လူစုံပါဝင်လာခဲ့ပါတယ်။ အဲဗာတန်အသင်းရဲ့ ပထမပွဲထွက်လူစာရင်းမှာ အားထားရတဲ့ ကွင်းလယ်ကစားသမားများဖြစ်တဲ့ အာတီတာနဲ့ ဖယ်လိုင်နီတို့ ပါဝင်လာခြင်းမရှိဘဲ ဂျာဂျီကာ၊ တင်ကာဟေးလ်၊ ဟိုင်တင်ဂါ၊ ဒစ္စတင်၊ ပီနား၊ ယာကူဘူနဲ့ ဘိန်းစ်တို့ ပါဝင်ကစားခဲ့ပါတယ်။

ချေပဂိုးသွင်း

ပွဲစတာနဲ့ နှစ်သင်းလုံးဟာ လျင်လျင်မြန်မြန်နဲ့ တိုက်စစ်ဖွင့်ကစားခဲ့တာကြောင့် စိတ်လှုပ်ရှားစရာကောင်းတဲ့ ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့ပါတယ်။ ပထမပိုင်း ၁၇ မိနစ်မှာ စပါးဂိုးဧရိယာ ထိပ်ကနေ အဲဗာတန်အသင်း ပြစ်ဒဏ်ဘောကန်ခွင့်ရခဲ့ပါတယ်။ အဲဒီပြစ်ဒဏ်ဘောကို ဘိန်းစ်ကန်သွင်းရာ စပါးဂိုးသမား ဂိုမက်စ်ရဲ့ ဘယ်ဘက်အပေါ်ထောင့်ထဲကို လှလှပပ ဂိုးဝင်သွားခဲ့ပါတယ်။ အဲဗာတန်ကို ဦးဆောင်ဂိုးပေးလိုက်ရပြီးနောက်ပိုင်းမှာ စပါးအသင်း ချေပဂိုးရရှိရေး ဆက်တိုက် ထိုးဖောက်တိုက်စစ်ဆင်ခဲ့တာကြောင့် ပွဲချိန် မိနစ် ၂၀ မှာ ကွင်းလယ်ကစားသမား ဗန်ဒါဗက်က ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့ပါတယ်။

အမှတ်ခွဲယူ

ဒုတိယပိုင်းမှာ နှစ်သင်းလုံး အနိုင်ဂိုးရရှိရေး ခြေကုန်ထုတ်ကစားလာခဲ့ပါတယ်။ စပါးအသင်းက ပလာစီယို့စ်အစား ဆန်ဒရို၊ လင်နွန်အစား ပက်လူချန်ကိုတို့ကို လူစားလဲခဲ့သလို အဲဗာတန်ကလည်း ယာကူဘူအစား ဆာဟာနဲ့ ဟိုင်တင်ဂါအစား ဟက်ဘတ်၊ ကိုးလ်မင်းအစား ဘက်ဖို့ဒ်တို့ကို လူစားလဲခဲ့ပေမယ့် ထိရောက်တဲ့ ထိုးဖောက်မှုတွေ မပြုလုပ်နိုင်ခဲ့ပါဘူး။ ဒါကြောင့် ပွဲအပြီးမှာ တစ်ဖက်တစ်ဂိုးစီနဲ့ အမှတ်ခွဲယူခဲ့ရပါတယ်။

အခြားပွဲစဉ် ရလဒ်များ

ဘာမင်ဂမ်	၂-၀	ဘလက်ပူးလ်
ချယ်လ်ဆီး	၂-၀	ဝုလ်ဗာဟမ်တန်
ဆန်းဒါးလန်း	၁-၀	ဗီလာ
ဝက်စ်ဘရွန်း	၂-၁	ဖူလ်ဟမ်
ဝီဂန်	၁-၁	ဘော်လ်တန်

အင်တာနက်။

ဝင်းတင်(ကြေးမုံ)

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မိုးရေချိန်စံချိန်သစ်

နေပြည်တော် အောက်တိုဘာ ၂၃

ယနေ့နံနက် ၉ နာရီခွဲအချိန် မင်းကင်းစခန်း၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၂၃၂ မီလီမီတာ (၉ ဒသမ ၁၃ လက်မ) သည် ယင်းစခန်း၏ လွန်ခဲ့သော နှစ်ပေါင်း ၂၅ နှစ်အတွင်း အောက်တိုဘာလအတွက် ၂၄ နာရီအတွင်း အများဆုံးရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၁၀၁ မီလီမီတာ (၃ ဒသမ ၉၈ လက်မ) ဖြစ်ပြီး ၂၀၀၀ပြည့်နှစ် အောက်တိုဘာ ၁ ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၃-၁၀-၂၀၁၀

မင်းတပ်	၇ ဒသမ ၄၄ လက်မ
အမ်း	၇ ဒသမ ၁၇ လက်မ
ကျောက်ထု	၆ ဒသမ ၂၈ လက်မ
ပေါက်	၅ ဒသမ ၅၉ လက်မ
ဆော	၃ ဒသမ ၃၅ လက်မ
ထီးလင်း	၃ ဒသမ ၂၁ လက်မ
ကျိုက္ခမီ	၃ ဒသမ ၁၉ လက်မ
တပ်ကုန်း	၁၉ ဒသမ ၇၉ လက်မ
ကျောက်ဖြူ	၁၃ ဒသမ ၅၄ လက်မ
မင်းကင်း	၉ ဒသမ ၁၃ လက်မ



လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် အောက်တိုဘာ ၂၃

ယနေ့ညနေ ၅နာရီခွဲအချိန် တိုင်းထွာချက်များအရ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း ဘုတလင်မြို့အနီး၌ ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ကုန်းတွင်းမုန်တိုင်းငယ်

လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားပြီဖြစ်

အစိမ်းရောင်အဆင့် မုန်တိုင်းအန္တရာယ်

ကင်းရှင်းသွားသည့် အခြေအနေသို့သတ်မှတ်

နေပြည်တော် အောက်တိုဘာ ၂၃

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း ဘုတလင်မြို့အနီးတွင် တည်ရှိနေခဲ့သော ကုန်းတွင်းမုန်တိုင်းငယ်သည် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားပြီဖြစ်သည်။

ကုန်းတွင်းမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အစိမ်းရောင်အဆင့်သို့ရောက်ရှိပြီး မုန်တိုင်းအန္တရာယ်ကင်းရှင်းသွားသည့်အခြေအနေဟု သတ်မှတ်သည်။

လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ခန့် တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)